ဆရာတော်ဦးဥါကောဒယ

ရွှေရနံ့ ဝင်း ( သံကျင် )

အမှူးထားရှိ

ဦးစိန်လှိုင် + ဒေါ်မြမြဆွေ

သမီး ဖြိုး မိုမိုလှိုင်၊ ခင်နှင်းယုယုလှိုင်

မြတ်စုစုလှိုင်

မိသားစု မှ လှူဒါန်းပါသည်။

သာသနဝေပုလ္လ။သာသနဇောတိ။ပိဋကတ္တယ ဆေကံ။
ဝိနယဓရ။ဂန္ထဓုရဗဟုဿုတ။လဇ္ဇီပေသလ။သိက္ခာ
ကာမ။သီလဝန္တ။စသည်ဥဿုံ။ ထိုထိုဂုဏ်တို့
နှင့်။ပြည့်စုံတော်မူသောကြောင့်။ဇမ္ဗူ့ပတ်
ကုံး။မြေအလုံး၌။နေနှုန်းလျှံပြောင်။ဥာဏ်
မီးရောင်ဖြင့်။ တန်ဆောင်ပိုးဝင်း။
လင်းကြီးလင်းသဖြင့်။သတင်း
ကြေညာ။ ဂုဏ်ပေါင်း ဖြာတော်မူသော။သာယာ
ဝတီဒိစတြိတ်။မြို့သစ်မြို့။ကုသိနာရာမကျောင်း
တိုက်၌။ယာပိုထ်ငလိ။မျည်သိတင်းသုံးနေ
တော်မူသောဆရာတော်ဦးပညာ
သည်။အထွေထွေသောပါဠိအဋ္ဌကထာဋီကာတို့မှထုတ်
နုတ်တည့်ထွင်။စီရင်ရေးသားတော်မူအပ်သော

# နာနာပဘေဒဝန္ဒနာကျမ်း။


ရန်ကုန်မြို့။

ဟံသာဝတီသတင်းစာတိုက်။

၁၉၀၀ ပြည့်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

တိဿော ဣမာဘိက္ခဝေ ဝန္ဒနာ ကတမာတိဿော ကာယေနဝစသာမနသာ။ ။မြတ်စွာမိန့်တော်၊ ရွှေကိုယ်တော်တိုင်၊ သင်းကြိုင်ဗျာနှုတ်၊ ကြာဂမုတ်က၊ မိန့်ထုတ်ဝန္ဒနာ၊ သုံးဒွါရကို၊ ဗုဒ္ဓမတည့်၊ ကျမ်းပြုအဋ္ဌကထာ၊ ဋီကာတချက်၊ ဦးထိပ်ရွက်၍၊ ဆက်ခါဆက်ခါ၊ သုံးဒွါရဝန္ဒနာကို၊ ညီတညာဘွင့်ကြကုန်သည်၊ ဘုရားဟောတရား၊ အဋ္ဌကထာ ဋီကာများ၏၊ ကျမ်းစကားအရကို၊ ပမာဏမူမထား၊ ရှေးလူတို့စကားကို၊ မှတ်သား၍မယူရာ။ ပါဠိအဋ္ဌကထာ၊ သင်္ဂါယနာသုံးတန်တင်၊ အယှင်များတို့က၊ ဝိဝါဒမပွါးရအောင်၊ ပေသား၌တင်၍၊ ထင်ထင်ရှားရှား။ ထားတော်မူခဲ့သော၊ ဘုရားစကားကိုသာ စွဲ၍၊ အမြဲ ယူရာသည်၊ ထိုနောက်တဝ၊ ဂန္ထန္တရ၊ တတ်သည်းလှသည့်၊ ပဏ္ဍိတအဆူဆူတို့။ မညီသူတစ၊ မကြိုကြဘဲ၊ ကာလရှည်စွာ၊ ပဝေဏီစဉ်ဆောကိုသေချာစွာစွဲလတ်၍၊ အမှတ်မဲ့ပဏာမကံဝန္ဒနာဖြင့်။ များစွာရှိခိုးကြကုန်သည်၊ ယင်းသို့အရ၊ ဝန္ဒနနှိုက်၊ ဒွါရသာမှန်ကြောင်းကို၊ ၁၂၁၉-ခုနှစ်၊ သက္ကရာဇ်ကြွလာ၊ ဤအခါဝယ်၊ စိန္တာမယဉာဏ်၊ ထက်သန်အားကြီးသော၊ ဥက္ကံဝံသမာလာ၊ သညာမည်သည်း၊ ကျေးဇူးရှင် ဆရာတော်ကြီးဘုရား။ ရေးသားစီကုန်း၊ ဆုံးဖြတ်တော်မူအပ်သော၊ ဒွါရဝိနိစ္ဆယကျမ်း၊ နောက်နောင်သော တပည့် တပန်း၊ ရဟန်းတော်တို့၊ ထုတ်ဘော်ရေးသားကြကုန်သော၊ ဒွါရဝိနိစ္ဆယတို့သည်၊ အသွယ်သွယ်အဝဝ၊ ထင်ရှားလှသည်ဖြစ်၍၊ ၎င်းဝန္ဒနကို၊ ရေးပြရာအချက်၊ ဆက်လက်စရာမရှိပြီ၊ ထိုင်ရပ်သွားလာ၊ ဝေးကွာလျောင်းစက်၊

# နာနာပဒေသဒဝန္ဒနာကျမ်း။

ဝတ်လျက်စင်းစင်း၊ ရှိခိုးပြင်းနည်းများသာ၊ စကားကြွင်းကျန်၍။ ထပ်ဖန်ဆက်လက်၊ နောက်ဆက်စရာ ရှိသေးသည့်တကားပ၊ စည်းစားကြီးပေါက်၊ ဗိန္တာမယဉာဏ်ရောက်သဖြင့်၊ အငထေါ် အထား၊ အားကိုးကြဏ်းများနှင့်တကွ၊ နာနာပဒေသဒဝန္ဒနာအပြားကို ရေးသားစီကုန်းအံ့သတည်း။ ။ဤကားနိဒါန်းစကားရတ်။မှတ်ရန်အခဏ်း။

စတုဝိသံမဟာဝန္ဒေ၊ ဝတ္ထုဂြဟယံစဥ္စတ္တမံ၊ ပရိပုဏ္ဏံသီလာဒိဟံ၊ ပရိယတ္တိံသိကာံဂုရုံ။ ။တတိယရကာရဝိပုလာဂ္ထါ။ ။ ဤဂ္ထါနိက်၊ စတုဝတ္ထုပါဒဝယ်၊ဆန္ဒာနုရက္ခနအကျိုး၄၊ သေကံနိက်၊ဧကို၊ဇုပြု။ ။သာတိနာမဿပုရသာ၊ ဘောဇကန္တေတ္ထဂါမတ္ထိ၊သမာစာရမဟာံသိက္ခော၊ ဝသန္တောဝသုခံတသ္မိံ။ ။ဝတ္တဂ္ထါ။ ။သာဂုဇနာနမတ္တာယ၊ နာနာဂန္ဓေသုမာဂတံ၊ဝိမံဂန္ထကရိဿာမိ၊ နာနာပဒေသဒဝန္ဒနံ။ ။ပထျာဝတ္တ။ ။အဟံ၊ ခန္ဒာငါးချ၊ ပေါင်းစုပညတ်၊သမုတ်အပ်သောငါသည်၊ စတုဝိသံ၊ စတုဝိသပုဏ္ဏံ။ ကိုးကိုးနှစ်ရံ၊ ခြောက်ပါးဂုဏ်နှင့်၊ သုံးစုံပြည့်ကြွယ်၊နှစ်ဆယ်လေးပါး၊ အပေါင်းအားဖြင့်၊ မိုင်းခြားစုပုံ။ သန္တာဂုဏ်နှင့်၊ ပြည့်စုံတော်မူထသော၊ ဝတ္ထုဂြာယဥ္စ၊ ဘုရားတရား၊သံဃာအားဖြင့်၊သုံးပါးမြတ်ရှာ၊ ရတနာအပေါင်းကိုလည်းကောင်း။ ပရိယတ္တိံသေကံ၊ သုံးပုံပိဋကတ်၊ ယင်းသုံရတ်နိက်၊နှံ့စပ်ရှာဖွေ၊ ပတ်ပတ်မွှေ၍၊ ထူးထွေခဲရတ်၊ မဏ်မြတ်ကို၊ ရွှေကလတ်တင်၊ပြသောသွင်သို့၊အလျှင်တစေ၊ ထုတ်ဘော်၍ဟောနိုင်သော၊တလောကဝိဒူ၊ ပရိယတ်ဉာဏ်မြော်၊ တဘက်ကမ်းကူးခပ်မျှ၊ တိုင်းတိုင်းရပ်နယ်အငှမှာ၊ လိမ္မာတော်ပူထသော၊သိလာဒိဟံ၊ အခိုးလေမျှ၊ ကြိုင်ကြိုင်ပျံ့လို၊ ယနန့်မတူ။နတ်ဆောင်ယူသည်။မဥ္စူသက။ ကြူကြူဖြန်းတဲ့၊ နတ်ပန်းလှကဲ့သို့။ မွှေးတကဂန္ဓာရုံ။ အလွန်ထုံသော၊ သီလဂုဏ်အစရှိသည့်တို့နှင့်၊ ပရိပုဏ္ဏံ၊တည့်ကြည်ကုံလုံ၊ ပြည့်စုံတော်မူထသော။ဂုရုံစ။သေထု၊

မြေထု၊ မေရုမကာ၊ ဂုဏ်နန္တာရှင်၊ မည်တွင်နဂို။ မြို့အုဂ်ဖိုရ်နှိုက်။ ဖြပဟ္မိုဇ်ပွတ်ဖြန်း။ မြိုက်ရေချမ်းဖြင့်။ သွန်းဖြန်းတော်မူသော ဆရာတော်ဘုရားကိုလည်းကောင်း၊ ဝန္ဒေဝန္ဒာမိ၊ ကရိုဏ်းကျကျ၊ သုံးခွါရဖြင့်၊ ညွတ်ခကြိမ်ကြိမ်၊ ဦးနှိမ်မြတ်နိုး၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ညွတ်ခကြိမ်ကြိမ်၊ ဦးနှိမ်မြတ်နိုး၊ ရှိခိုးပြီး၍။ ။ဧတ္ထဋ္ဌာနေ၊ ဤအရပ်နှိုက်၊ သာတိနာမသာ၊ ကရိယာဝယ်။ လွန်ဆန်းကြွယ်သို့၊ နဘ်နှုယ်နတ်သွေး၊ နတ်ရင်ကြေးသို့၊ နတ်ရေးဟန်ဆောင်၊ မိမင်းအောင်ကို၊ တွင်းဗျောင်မနှေး၊ မြို့စတေးကြ၊ ထိုခဏနှိုက်၊ ကာကတစ်ကောင်၊ နှုတ်ဖြင့်ဆောင်၍၊ ဆာလောင်သောအား၊ တိကိုစားလျက်၊ မည်ညားသံသာ၊ သမိုင်းလာမှို၊ သညာမြဲမှု၊ ရှေးဦးလူတို့၊ စွဲယူပညတ်၊ ဝေါဟာရတ်ဖြင့်၊ အမှတ်တစ်လီ၊ သါရာဝတီဟု၊ အမည်သမုတ်အပ်သော၊ ပုရသာ၊ မြို့၏၊ ဘောဇကန္တော၊ သိုးဆောင်းမင်းတို့၊ ခွန်သွင်းယူရာ၊ သာရာဝတီ၊ တွင်ညီနယ်ဝင်၊ ဈေးသဘင်နှုင့်၊ စည်ပင်သာလှ၊ အတွင်းကြသော၊ ယောဂါမောဇ၊ ပေါက်တောတိုက်နှိုက်၊ သမိုက်ထင်လင်း၊ မြို့စစ်ကွင်းဟု၊ အဂ်လိပ်မင်းမြတ်၊ သမုနတ်တို့၊ ပညတ်သမုတ်အပ်သော၊ အကြွင်ရွာသည်လည်း၊ အတ္ထိ၊ ရှိ၏၊ တသ္မိံ ဂါမေ၊ ရွာကိုနစ်၍၊ မြို့သစ်ဟုသမုတ်အပ်သော၊ ထိုမြို့နိဂုမ်းနှိုက်၊ ဝသန္တော၊ ကျသိနာရာမ၊ ဝိဟာရနှိုက်၊ ယာပထစံမွေ့၊ တရားဖြည့်၍၊ နေလေ့သာရှိသော၊ သုမာစာရ သိက္ခော၊ စာရိတ္တဝါရိတ္တ၊ ပြည့်စုံလှသောကြောင့်၊ မိတ္တကလျာ၊ သူတော်စွာတို့၊ ဘယ်ခါတစိ၊ စွတ်စွဲခြင်းမရှိဘဲ၊ ချေးညှိမတင်၊ သန့်ရှင်းစင်သဖြင့်၊ လွန်ထင်ကျော်စော၊ ဂုဏောကိတ္တိ၊ ကောင်းသောအကျင့်သိက္ခာရှိသည်ဟု။ သမုတ်အပ်ထသော၊ အဟံ၊ ပညာတွင်မည်၊ ငါမထေရ်သည်။ ။သာရူဇနာခံ၊ ရတနာမြတ်၊ သုံးပါးရပ်နှိုက်၊ ဆည်းကပ်ကြည်ဖြူ၊ ကောင်းသောသူတို့၏။ အတ္ထာယ၊ လောကီလောကုတ်။ မယုတ်အကျိုး၊ တက်တိုးစည်ကား၊ ပွါးများခြင်းငှါ၊ နာနာဂန္ထသု၊ ပါဌ်အဋ္ဌထာ။ ဋီကာအနု၊ မရုလက်သန်း၊ ဂဏ္ဌိအလို၊ ကြံဏ်းထိုပိုထွ်

နိုက်၊ အာဂတံ၊ လာသော၊ နာနာပဋ္ဌာနဝဏ္ဏနံ၊ ဘာသာအယူ၊ သဘောတူလူမျိုး၊ ရိုကြိုးဝတ်တွား၊ အထူးထူးအပြားပြားသော၊ ရှိုးခြင်းကို၊ သင်္ဂဟေတွာ၊ ပေါင်းရုံးယူဆောင်၍၊ ဋ္ဌာမံဂဏ္ဍံ၊ အမည်ထူးဆန်း၊ ဤစာကြလ်းကို၊ ကရိဿာမိ၊ ရေးသားစီမှု၊ ပြုပါအံ့။

တိလောကဂ္ဂ၊ ဘဝပါရဂူ၊ စံမတူသည်၊ သယမ္ဘူမြတ်၊ စောဉက္ကာဋ္ဌသည်၊ သုံးရပ်ဘုံဆွေ၊ များဝေဓောတို့ကို၊ ဒေသနာရေး၊ အမြိုက်ဆေးဖြင့်၊ တိုက်ကြွေးတန်ပံန်၊ ဓမ္မကံကို၊ ဝေဘန်တော်မူရကား၊ ဝိနယအရာ၊ ထေရ်သဿာတို့တွင်၊ ဦးစွာအစ၊ ဝန္တနကို၊ ဝိနယဋီကာ၊ မှတ်ချက်တော်ချ၊ ဗျာဒိတ်ရသော၊ သားလှမည့်ရှိ၊ ဥပါလိမထေရ်သည်၊ ဘုရားထံချင်းကပ်၍၊ အသျှင်ဘုရား၊ မထေရ်ကြီးကို၊ ရှိခိုးသောရဟန်းငယ်သည်၊ အဘယ်တရားတို့ကို၊ ကိုယ်တွင်းနိုက်ထား၍၊ ရှိခိုးရပါအံ့နည်းဟု၊ လျှောက်ထားတော်မူသော ကြောင့်၊ ဥပါလိ မထေရ်အားဟော ကြားတော်မူအပ်သော၊ ရှိခိုးခြင်းနည်းနာမှာ၊ ပရိဝါပါဠိတော်၊ ဋ္ဌောင်ချုပ်ဝင်းပေအမှတ်နိုက်။ ။နဝကတရေနုပါလိဘိက္ခုနာဝုဍ္ဍ တရဿ ဘိက္ခု နော ပါဒေ ဝန္ဒန္တေန၊ ပဉ္စဓမ္မေအဇ္ဈတ္တံဥပဋ္ဌာပေတွာပါဒါဝန္ဒိတဗ္ဗာ။ ။ကတမေပဉ္စနဝကတရေနုပါလိဘိက္ခုနာဝုဍ္ဍတရဿ ဘိက္ခုနောပါဒေဝန္ဒန္တေန ဧကံသံဥတ္တရာသင်္ဂကရိတွာ အဉ္ဇလိံပဂ္ဂဟေတွာ ဉဘောဟိပါ ဏိတလေဟိပါဒါနိ ပရိသမ္ဗာဟန္တေန၊ ပေမဉ္စဂါရဝဉ္စဥပဋ္ဌာပေတွာ ဝန္ဒိတဗ္ဗာ။ ။ဟုမိန့်တော်မူသည်၊ ယင်းပါဠိတော်၏အရကိုအတ္ထပြန် ဆိုသော်။ ။ဥပါလိ၊ ချစ်သားဥပါလိ။ဝုဍ္ဍတရဿ၊သတင်းကြီးဖြစ်သော။ဘိက္ခုနော၊ ရဟန်း၏၊ ပါဒေ၊ ခြေတို့ကို။ဝန္ဒန္တေန။ ရှိခိုးသော။နဝကတရေန၊ သတင်းငယ်ဖြစ်သော၊ ဘိက္ခုနာ၊ ရဟန်းသည်။ပဉ္စဓမ္မေ။ငါးပါးသောတရားတို့ကို။ အဇ္ဈတ္တံ၊ ကိုယ်တွင်းနိုက်၊ ဥပဋ္ဌာပေတွာ။ထား၍။ဝါ၊ ဖြစ်စေ၍။ပါဒါ။ခြေတို့ကို။ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။ ။ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အ

ဘယ်သည်တို့ နည်းဟူမူကား။ဥပါလိ။ ချစ်သားဥပါလိ၊ဝုဍ္ဎတရသော၊ ဘာတင်းကြီးဖြစ်သော၊ ဘိက္ခုနော၊ ရဟန်း၏၊ ပါဒေ၊ ခြေတို့ကို၊ ဝန္ဒန္တေန၊ ရှိခိုးသောနဝကတရေန၊ သတင်းငယ် ဖြစ်သော။ဘိက္ခုနာ။ရဟန်းသည်၊ ဧကံသံ၊ ဧကသ္မိံ အံသေ။ လက်ဝဲတဘက်၊ ပခုံးထက်နှိုက်၊ ဥတ္တရာသင်္ဂံ။ကိုယ်ဝတ်ကို။ကရိတွာ၊ သိုင်းကြော့ရစ်ဆင်၊ စမ္ပာယ်တင်သည်ကိုပြု၍၊ အဉ္ဇလိံ၊ လက်အုပ်ကို၊ ပဂ္ဂဟေတွာ၊ ချီ၍၊ ဥဘောဟိ၊ နှစ်ဘက်ကုန်သော၊ ပါဏိတလေဟိ၊ လက်ဝါးပြင်တို့ဖြင့်၊ ပါဒါနိ၊ ခြေတို့ကို၊ သမ္ဗာဟန္တေန၊ ထိခိုက်သုံးသပ်သဖြင့်၊ ပေမဉ္စ၊ ချစ်ခြင်းကိုလည်းကောင်း။ ဂါရဝဉ္စ၊ ရိုသေခြင်းကိုလည်းကောင်း။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍၊ ဝါ၊ ထား၍၊ ပါဒါ၊ ခြေတို့ကို၊ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ကြီးသောရဟန်း၏ခြေကို၊ ရှိခိုးသောသတင်းငယ်ရဟန်းသည်၊ လက်ဝဲတဘက်နှိုက်၊ ကိုယ်ဝတ်စမ္ပါယ်တင်ခြင်း၊လက်အုပ်ချီခြင်း၊နှစ်ပါးကုန်သောလက်ဝါးပြင်တို့ဖြင့်ခြေကိုထိခိုက်သုံးသတ်ခြင်း။ချစ်ခြင်း။ ရိုသေခြင်း၊ ဤငါးပါးသောတရားတို့ကို၊ ကိုယ်တွင်းနှိုက်ထား၍၊ သတင်းကြီးကိုရှိခိုးအပ်၏ဟူ၍၊ ဥပါလိမထေရ်အား၊ ဟောကြားတော်မူအပ်သောရှိခိုးခြင်းနည်းတည်း။ ။ထိုသို့ရှိခိုးသောပဉ္စပတိဋ္ဌိတဟုဆိုအပ်သော၊ ငါးပါးသောရှိခိုးခြင်းသရုပ်ကိုလည်း၊တိပိဋကလင်္ကာရဘွဲ့အမည်တံဆိပ်တော်ရသော၊ တောင်ဘီလာဆရာ၊ စီရင်တော်မူသော။ဝိနယလင်္ကာရဋီကာ၊ ငါး ပေဝချပ်နှိုက်။ ။ကထံပဉ္စပတိဋ္ဌိတသရုပံကထိတံ၊ ဇာဧကံသံဥတ္တရာသင်္ဂံ ကရိတွာတိဧကံ၊ အဉ္ဇလိံ ပဂ္ဂဟေတွာတိဧကံ၊ ဥဘောဟိပါဏိတလေဟိ၊ ပါဒေသမ္ဗာဟန္တေနာတိဧကံ၊ ပေမဉ္စဥပဋ္ဌာပေတွာတိဧကံ။ ဂါရဝဉ္စဥပဋ္ဌာပေတွာတိဧကံ၊ ဧဝံပဉ္စပတိဋ္ဌိတသရုပံကထိတံဟောတိ၊ တေနာဟအဋ္ဌကထံ ပဉ္စဝန္ဒေသမုဋ္ဌာပေတွာပါဒါ ဝန္ဒိတဗ္ဗာတိ။ ။ဟုဘွင့်ပြတော်မူသည်၊ ယင်းအရက်၊ အဋ္ဌပြန်ဆိုသော်။ ။ကထံ၊ အဘယ်သို့လျှင်၊ ပဉ္စပတိဋ္ဌိတသရုပ်။ပဉ္စပတိဋ္ဌိ

တာ၏သရုပ်ကို၊ ကထိတံ။ ဆိုအပ်သနည်းဟူမူကား၊ ဇာရ၊ ဤဂို
နိုးသောအရောနိုက်။ ကောသံဥတ္တရာသင်္ဂံ ကရိတွာတိ၊ ကရိတွာဟူ
သည်ကား။ ကော်။ တစ်ပါးတည်း။ အဉ္ဇလိံ ပဂ္ဂဟေတွာတိ၊ ပဂ္ဂ
ဟေတွာဟူသည်လည်း။ ကော်၊ တစ်ပါးတည်း။ ဥဘောပိပါဏိတ
လေဟိပါဒေသမ္ဘာဟန္တေနာတိ၊ သမ္ဘာဟန္တေန ဟူသည်လည်း၊
ကော်၊ တစ်ပါးတည်း၊ ပေမဗ္ဗဥပဋ္ဌာပေတွာတိ၊ ဌာပေတွာဟူသည်
လည်း၊ ကော်၊ တစ်ပါးတည်း၊ ဂါရဝဗ္ဗဥပဋ္ဌာပေတွာတိ။ ဌာပေတွာ
ဟူသည်လည်း။ ကော်၊ တစ်ပါးတည်း။ ဝေ၊ ဤသို့။ ပဉ္စပတိဋ္ဌိတ
သရူပံ၊ ငါးပါးသောပတိဋ္ဌိတ၏သရုပ်ကို။ ကထိတံ၊ ဆိုအပ်သည်။
ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်၊ အဋ္ဌကထာ၌ပဉ္စမဏ္ဍလသရဋ္ဌာ
ပေတွာပါဒါဝန္ဒိတဗ္ဗာတိ၊ ပါဒါဝန္ဒိတဗ္ဗာဟူ၍။ အာဟ၊ ဟော
တော်မူပြီ။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ ကိုယ်ဝတ်စမ္ဘာယ်
တင်ခြင်း တစ်ပါး၊ လက်အုပ်ချီခြင်းတစ်ပါး။ လက်ဝါးပြင် နှစ်
ဘက်တို့ဖြင့်ခြေတို့ကိုသုံးသတ်ခြင်းတစ်ပါး။ ချစ်ခြင်းကိုဖြစ်စေ
ခြင်းလည်းတစ်ပါး။ ရိုသေခြင်းကိုဖြစ်စေခြင်းလည်းတစ်ပါး။ ဤ
ကားပိနယလင်္ကာရဋီကာနိုက်လာသောပဉ္စပတိဋ္ဌိတသရုပ်။ ။
သကင်း ကြီးဖြစ်သော ရဟန်း၏ ခြေတို့ကို ရှိခိုးသော ရဟန်း
ငယ်သည်။ ပခုံးနှစ်ဘက်တို့ကိုဖွင့်၍ ရှိခိုးအပ်ကုန်၏။ ပခုံးနှစ်
ဘက်တို့ကိုရုံ၍ ရှိမခိုးအပ်ကြောင်းကိုလည်း။ ယင်းပိနယလင်္ကာရ
ဋီကာ၊ ငါးပေဝချပ်နိုက်။ ။ဝုဍ္ဍတရဿပါဒေဝန္ဒန္တေန ဥဘော
အံသေဝိဝရိတွာ ဝန္ဒိတဗ္ဗာ။ နစဥဘောအံသေ ပါရုပိတွာ ဝန္ဒိ
တဗ္ဗာ။ ။ဟုဖွင့်ပြတော်မူသည်။ ယင်းဋီကာ၏အရကို၊ အတ္ထ
ပြန်ဆိုသော်။ ။ဝုဍ္ဍတရဿ၊ သတင်းကြီးဖြစ်သော ရဟန်း
၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးသောရဟန်းငယ်သည်။ ဥ
ဘောအံသေ၊ ပခုံးနှစ်ဘက်တို့ကို။ ဝိဝရိတွာ။ ဖွင့်၍။ ဝန္ဒိတဗ္ဗာ။ ရှိ
ခိုးအပ်ကုန်၏။ ဥဘောအံသေ၊ ပခုံးနှစ်ဘက်တို့ကို။ ပါရုပိ တွာ၊
ရုံ၍ခြုံ၍။ နဝန္ဒိတဗ္ဗာ။ ရှိမခိုးအပ်ကုန်။ ။ဤကားအနက်။ ။
အဓိပ္ပာယ်ကား၊ သတင်းကြီး၏ခြေကို ရှိခိုးသောသတင်းငယ်

ရဟန်းသည်။ပခုံးနှစ်ဘက်တို့ကိုဘွင့်၍ ရှိခိုးအပ်ကုန်၏။ ပခုံးနှစ်
ဘက်တို့ကိုရုံ၍ရှိမခိုးအပ်ဟု၊ပြဆိုသောဝန္နနစကား။ ။ထိုသို့ရှိခိုး
သောရဟန်းငယ်သည်။ဒူးရှာနှင့်သက်န်းကို၊ ပခုံးနှိုက်တင်သော်
လည်းကောင်း။ မတင်သော်လည်းကောင်း။ ရှိခိုးသော်အပစ်မရှိ
ကြောင်းကိုလည်း။ဋ္ဌင်းဋီကာ၊ဋ္ဌင်းအချုပ်နှိုက်။ ။အထခေါ၊ ကေဲသံ
ဥတ္တရာသင်္ဂကရိတွာဝန္ဒိတဗ္ဗာတိဧတေနသံဃာဋိပနကေဲသံက
တွာပိအကတာပိနတ္ထိဒေါသောတိပကာသိတောဟောတိ။ ။ဟု
ဘွင့်ပြတော်မူသည်။ ယင်းဋီကာ၏အရကိုအထွပြန်ဆိုသော်။ ။
အထခေါ၊ စင်စစ်သော်ကား၊ ကေဲသံဥတ္တရာသင်္ဂံကရိတွာ ဝန္ဒိ
တဗ္ဗာတိဧတေန၊ ဝန္ဒိတဗ္ဗာဟူသောထိုပါဠ်ဖြင့်၊ သံဃာ ဋိပန၊ ဒူး
ကျင်ကိုကား၊ကေဲသံ၊ပခုံးတဘက်နှိုက်တင်သည်ကို။ကတာပိ။
ပြုအပ်သည်ရှိသော်လည်းကောင်း။ အကတာပိ၊ မပြုအပ်သည်
ရှိသော်လည်းကောင်း။ဒေါသော၊အပစ်သည်၊နတ္ထိ၊မရှိ၊ဣတိ၍
သို့၊ပကာသိတော၊ပြအပ်သည်၊ဟောတိ၊ဖြစ်၏။ ။ဤကား
အနက်။ ။အဓိပ္ပါယ်ကား။ ထိုသို့ ရှိခိုးသော၊ သတင်းငယ်
ရဟန်းသည်၊ ဒူးကျင်သက်န်းကို ပခုံး တဘက်နှိုက် တင်သည်
ဖြစ်စေ။မတင်သည်ဖြစ်စေ။ ရှိခိုးသော်အပစ်မရှိကြောင်းကို ပြ
သောဝန္နနစကား။ ။ရှိခိုး၏ဟူသောစကားနှိုက်၊လက်အုပ်ချီ
ခြင်းကိုပြုအပ်ကြောင်းကိုလည်း။ ။ဋ္ဌင်းဋီကာဋ္ဌင်းအချုပ်နှိုက်။ ။ဒသ
နခသမောဓါနသမုဇ္ဇလံကရပုဋသဉ္ဇါတံ အဉ္ဇလိံပဂ္ဂဟေတွာ
ဝဝံန္ဒိတဗ္ဗာ။ ။ဟုဘွင့်ပြတော်မူသည်၊ ယင်းဋီကာ၏အရကို၊
အထွပြန်ဆိုသော်။ ။ဒသနခသမောဓါနသမုဇ္ဇလံ၊ဆယ်ချသော
လက်သည်းအပေါင်းတို့ဖြင့်ထွန်းပသော၊ကရပုဋသဉ္ဇါတံ၊ လက်
စုံယှက်ခြင်းဟုဆိုအပ်သော။အဉ္ဇလိံ၊လက်အုပ်ကို၊ ပဂ္ဂဟေတွာ
ဝ၊ချီ၍သာလျှင်၊ဝန္ဒိတဗ္ဗာ၊ရှိခိုးအပ်ကုန်၏။ ။ဤကားအနက်။ ။
အဓိပ္ပါယ်ကား။ ရှိခိုးသောအခါ။ ဆယ်ချသော လက်သည်းအ
ပေါင်းတို့ဖြင့် ထွန်းပသောလက်အုပ်ကိုချီ၍သာလျှင်၊ရှိခိုးအပ်၏
ဟုပြသောဝန္နနစကား။ ။အဉ္ဇလိပဂ္ဂဟေတွာ ဟူသောပါဠ်၌

နှိုက်၊ အဉ္ဇလိဟူသည်ကို၊ ပရိတ်ကြီးဋီကာနှိုက်။ ။အာဘုသော ဖလတိ ဖေါတေ တိတိအဉ္ဇလိ၊ အဉ္ဇလတိဝါဒသင်္ဂုလိနံ ကေတောသမ္ဗန္ဓတ္တံဂစ္ဆတိတိအဉ္ဇလိ။ ။ဟူသောဝစနတ္ထကိုဘွင့်ပြတော်မူ၏။ယင်းဝစနတ္ထ၏အတ္ထကား။ ။အာဘုသော၊ လွန်စွာ၊ ဖလတိဖေါတေတိ၊ လက်သည်းရောင်တို့ဖြင့်ထွန်းပတတ်၏၊ဇောတိတသွာ၊ ထိုကြောင့်၊ အဉ္ဇလိ၊ အဉ္ဇလိမည်၏။ဝါ။တစ်နည်းကား။ ဒသင်္ဂုလိနံ။ ဆယ်ခုသောလက်ချောင်းတို့၏။ကေတော။ တဘွနက်။ သမ္ဗန္ဓတ္တံ၊ စပ်သောအဖြစ်သို့။ အဉ္ဇလတိဂစ္ဆတိ။ ရောက်တတ်၏။ဇောတိတသ္မာ။ထိုကြောင့်၊ အဉ္ဇလိ၊ အဉ္ဇလိမည်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။အဉ္ဇလိခေါ်ကြောင်းကား။လွန်စွာလက်သည်းရောင်တို့ဖြင့်။ထွန်းပတတ်၏၊ ထို့ကြောင့်အဉ္ဇလိမည်၏။ တစ်နည်းကား၊ ဆယ်ခုသော လက်ချောင်းတို့၏ စပ်သောအဖြစ်သို့ရောက်တတ်၏၊ ထိုကြောင့်အဉ္ဇလိမည်၏ဟု ပြသော ဝဏ္ဏနာကား။ ။အဉ္ဇလိဟူသော လက်အုပ် ချီခြင်းကို။ လက်ဝါးနှစ်ဘက်၊ စပ်ခါမတ္တကို မပြုအပ်၊ ကြာငုံ မလေးငုံသဘွယ်ပြု၍၊ ရှိခိုးအပ်ကြောင်းကိုလည်း။ ယေရာအဋ္ဌကထာ၊ ဇိနလင်္ကာရဋီကာတို့နှိုက်။ ။ဥဘောဟတ္ထေကမလမကုဋ္ဌကာရေနသဟတောကတွာ။ ။စသည်ဖြင့်လည်းကောင်း။ ။ လာဇဒါမဝိမလသုမနမကုဋ္ဌသဒိသ ဒသနခသမောဓါန သမုဇ္ဇလံအဉ္ဇလိံ။ ။စသည်ဖြင့်လည်းကောင်း။ဘွင့်ပြတော်မူသည်။ ယင်း၏အရကိုအတ္ထပြန်ဆိုသော်။ ။ဥဘောဟတ္ထေ။လက်နှစ်ဘက်တို့ကို၊ ကမလမကုဋ္ဌကာရေန၊ ကြာငုံသဘွယ်ပြုသည်ဖြင့်။သဟတော၊ တကွနက်၊ကတွာ၊ပြု၍။ ။လာဇဒါမဝိမလသုမနမ ကုဋ္ဌသဒိသဒသနခသမောဓါနသမုဇ္ဇလံ၊ ပေါက်ပေါက်ပန်းဆိုင်း၊ အညစ်အကြေးကင်းသောမလေးငုံနှင့်တူသော။ဆယ်ချောင်းသော လက်သည်းရောင်တို့ဖြင့် ထွန်းပသော။ အဉ္ဇလိံ၊ လက်အုပ်ကို။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။အဉ္ဇလိဟုဆိုအပ်သောလက်အုပ်ချီခြင်းကို၊ လက်ဝါးနှစ်ဘက်စပ်ခါမျှကိုမ

ပြုအပ်၊ ကြွင်းမဲ့မလေးငုံသဘွယ်တကွနက်ပြု၍။ ရှိခိုးအင်၏ဟုပြ
သော ဝန္တနစကား။ ။ပဂ္ဂဟေတွာစသည်ဖြင့်။ လက်အုပ်ချီ
မျှောက်ရမည်ဟုသါမ်ဆိုသော်လည်းဦးခေါင်းနှိုက်ထားရမည်
ထိုကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှိုက်။ ။ဥဘောဟတ္ထေသိရသိပ
တိဋ္ဌာပေတွာသဗ္ဗလောကေနကိရိယမာနံအဉ္ဇလိကမ္မံ။ ။ဟု
ဘွင့်ပြတော်မူသည်၊ ယင်း၏အရကို၊ အထူပြန်ဆိုသော်။ ။ဥ
ဘောဟတ္ထေ၊ လက်နှစ်ဘက်တို့ကို။ သိရသိသိရသ္မိ၊ဦးခေါင်း
နှိုက်၊ပတိဋ္ဌာပေတွာ၊ထား၍၊သဗ္ဗလောကေန၊ခပ်သိမ်းသောလူ
သည်။ကိရိယမာနံ။ပြုအပ်သော။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်း
ကို။ ။ ဤကားအနက်။ ။အဓိပ္ပါယ်ကား။ ရှိခိုးသောအခါ၊
လက် နှစ်ဘက်တို့ကို ဦးခေါင်းနှိုက်ထား၍။ ခပ်သိမ်းသော လူ
သည်၊ ပြုအပ်သောလက်အုပ်ချီခြင်းကိုပြသောဝန္တနစကား။ ။
ဦးခေါင်းနှိုက် ထားသော်လည်း၊ အမှတ်မရှိ၊ ထားလိုရာရာ မ
ဟုတ်။ နဖူးပြင်နှိုက် တင်ထားရကြောင်း ကိုလည်း၊ ၎င်းပိနယ
လင်္ကာရဋီကာ ဝင်းပေဝါချပ်နှိုက်။ ။အဉ္ဇလိသဒ္ဒါ တံကရပု
ဋံသိရသဒ္ဒါ တေနလာဋေပတိဋ္ဌာပေတွာ။ ။ဟုဘွင့်ပြတော်
မူသည်။ယင်းဋီကာ၏အရကိုအထူပြန်ဆိုသော်။ ။အဉ္ဇလိသဒ္ဒါ
တံ၊အဉ္ဇလိဟုဆိုအပ်သော၊ ကရပုဋံ၊ လက်အုပ်ကို၊သိရသဒ္ဒါ
တေ၊ဦးခေါင်းဟုဆိုအပ်သော၊ နလာဋေ၊ နဖူးပြင်နှိုက်၊ ပတိဋ္ဌာ
ပေတွာ၊ ထား၍။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကားဦးခေါင်း
နှိုက်သာမည ဆိုသော်လည်း။ နဖူးပြင်နှိုက်တင်ထား၍ ရှိခိုးရ
မည်ဆိုသောဝန္တနစကား။ ။ထိုသို့ဦးခေါင်းနဖူးပြင်နှိုက်တင်
ထား၍ ရှိခိုး သော်လည်း။ လက်ဝါးကို ဖြန့်ကာမျှဖြင့် လည်း
ကောင်း။ လက်ဆုတ်ကိုပြခြင်း အစရှိသဖြင့်လည်းကောင်း။ တ
ဘက်သောလက်ဖြင့်သက်နန်းစွန်းကိုထိခြင်းမှုအစရှိသဖြင့်ရှိမခိုး
အပ်။နှစ်ဘက်သော လက်ဝါးပြင်တို့ဖြင့်၊ စင်စစ်ခြေတို့ကိုဆုပ်
နယ်သဖြင့် ရှိခိုး အပ်ကြောင်းကိုလည်း။ ၎င်းဋီကာ ၎င်းအချပ်
နှိုက်။ ။နဟတ္ထတလပကာသနမတ္တေန၀ါ၊ နဟတ္ထမုဋ္ဌိပကာ

သနာဒိ နာဝါဝန္ဒိတဗ္ဗာ နဧကေနဟတ္ထေနစီဝရကဏ္ဏ ဆုပနာဒိ မတ္တေနဝန္ဒိတဗ္ဗာ အထခေါ ဥဘောဟိပါဏိ တလေဟိ ပါဒေ သမ္ဗာဟန္တေနဝန္ဒိတဗ္ဗာတိစ။ ။ဟုဖွင့်ပြတော်မူသည်၊ ယင်းဋီကာ၏အရကို အတ္ထပြန်ဆိုသော်။ ။ဟတ္ထတလ ပကာသန မတ္တေနဝါ၊ လက်ဝါးပြင်ကိုပြကါမျှဖြင့်လည်း။ နဝ န္ဒိတဗ္ဗာ။ ရှိမခိုးအပ်ကုန်။ ဟတ္ထမုဒ္ဒပကာသနာဒိနာဝါ၊ လက်ဆုတ်ပြခြင်းအစရှိသဖြင့်မူလည်း။ နဝန္ဒိတဗ္ဗာ။ ရှိမခိုးအပ်ကုန်။ ဣတိစ၊ ဤသို့လည်းကောင်း၊ ဧကေန၊ တဘက်သော၊ ဟတ္ထေန၊ လက်ဖြင့်၊ စီဝရကဏ္ဏ ဆုပနာဒိမတ္တေန။ သင်္ကန်းစွန်ကိုထိခြင်း၊ အစရှိကာမျှဖြင့်။ နဝန္ဒိ တဗ္ဗာ၊ ရှိမခိုးအပ်ကုန်။ အထခေါ။ စင်စစ်သော်ကား၊ ဥဘောဟိ။ နှစ်ဘက်ကုန်သော၊ ပါဏိတလေဟိ၊ လက်ဝါးပြင်တို့ဖြင့်၊ ပါဒေ၊ ခြေတို့ကို၊ သမ္ဗာဟန္တေန၊ ဆုတ်နယ်သဖြင့်၊ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ ထိုသို့နဘူးပြင်နိုက်'ထားသော်လည်း၊ လက်ဝါးကိုဖြန့်ကါမျှဖြင့်လည်း ရှိမခိုးအပ်ကုန်။ လက်ဆုတ်ကို ပြခြင်း အစ ရှိသဖြင့် မူလည်း ရှိမခိုးအပ်ကုန်၊ တဘက်သော လက်ဖြင့် သင်္ကန်းစွန်ကို ထိခြင်းအစရှိကာမျှဖြင့်ရှိမခိုးအပ်ကုန်။ နှစ်ဘက်ကုန်သောလက်ဝါးပြင်တို့ဖြင့် ခြေတို့ကို ဆုတ်နယ်သဖြင့်၊ ရှိခိုးအပ်ကုန်၏ဟုပြသောဝန္ဒနစကား။ ။မကောင်းသောစိတ်၊ မရိုသေခြင်းဖြင့်လည်း ကောင်း။ ရှိမခိုး အပ်ကြောင်းကို ၎င်းဋီကာ ၎င်း အချုပ်နိုက်။ ။ဧဝံဝန္ဒန္တောပိစနဒုဋ္ဌစိတ္တဉ္စ၊ အနာဒရဉ္စဥပဋ္ဌာပေတွာဝန္ဒိတဗ္ဗာ၊ အထခေါပေမဉ္စဂါရဝဉ္စဥပဋ္ဌာပေတွာပါဒါဝန္ဒိတဗ္ဗာတိစ။ ။ဟုဖွင့်ပြတော်မူသည်။ယင်းဋီကာ၏အရကိုအတ္ထပြန်ဆိုသော်။ ။ဧဝံ၊ ဤသို့။ ဝန္ဒန္တောပိ၊ ရှိခိုးသောရဟန်းသည်လည်း၊ ဒုဋ္ဌစိတ္တဉ္စ၊ မကောင်းသောစိတ်ကိုလည်းကောင်း၊ အနာဒရဉ္စ၊ မရိုသေခြင်းကိုလည်းကောင်း၊ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါဒါ၊ ခြေတို့ကို။ နဝန္ဒိတဗ္ဗာ၊ ရှိမခိုးအပ်ကုန်။ ဣတိစ၊ ဤသို့လည်းကောင်း။ အထခေါ၊ စင်စစ်သော်ကား။ ပေမဉ္စ၊ ချစ်ခြင်းကိုလည်း

ကောင်း။ဂါရဝဉ္စ၊ ရှိသေခြင်းကိုလည်းကောင်း။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ပါဒါ၊ ခြေတို့ကို။ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။ ။ဤကား အနက်။ ။အဓိပ္ပါယ်ကား။ရှိခိုးသောရဟန်းတို့သည်၊ မကောင်း သောစိတ်ကိုလည်းကောင်း၊ မရှိသေသည်ကိုလည်းကောင်း၊ ဖြစ်စေ၍။ခြေတို့ကို ရှိမခိုးအပ်ကုန်။ ချစ်ခြင်းကိုလည်းကောင်း၊ ရှိသေခြင်းကို လည်းကောင်း၊ ဖြစ်စေ၍။ ခြေတို့ကို ရှိခိုး အပ် သည်ကိုပြသောဝဏ္ဏနာစကား။ ။တစ်နည်း၊ ဗြဟ္မာယုပုဏ္ဏားရှိ ခိုးခြင်းကိုလည်း၊ သီလက္ခန္ဓအဋ္ဌကထာ၊ ဒုတိယပေစာချပ်နှိုက်။ ။အ ထခေါ၊ ဗြဟ္မာယုဗြဟ္မဏော။ဥဋ္ဌာယါသနာဧကံသံဥတ္တရာသင်္ဂံ ကရိတွာ ဘဂဝတော ပါဒေသုသိရသာ နိပတိတွာ။ ဘဂဝတော ပါဒါနိမုခေနစ ပရိစုမ္ဗတိပါဏိဟိစ ပရိသမ္ဗာဟတိနာမဉ္စသာ ဝေတိ။ ။ဟုဖွင့်ပြတော်မူသည်။ယင်းအဋ္ဌကထာ၏အရကိုအထူ ပြန်ဆိုသော်။ ။အထခေါ၊ ထိုအခါနှိုက်။ ဗြဟ္မာယုဗြဟ္မဏော။ ဗြဟ္မာယုအမည်ရှိသောပုဏ္ဏားသည်။အာသနာ၊ နေရာမှ၊ ဥဋ္ဌာ ယ၊ ထ၍၊ ဥတ္တရာသင်္ဂံ၊ ရုလျှားပုဆိုးကို၊ ဧကံသံ။ ပခုံးတဘက် နှိုက်တင်သည်ကို၊ ကရိတွာ၊ပြု၍၊ ဘဂဝတော၊ မြတ်စွာဘုရား ၏၊ ပါဒေသု၊ ခြေတော်စုံတို့နှိုက်။သိရသာ၊ ဥတ္တမင်္ဂ၊ မည်ရဆန်း ထူး၊ ဦးခေါင်းဦးဖြင့်၊နိပတိတွာ၊ ထိ၍၊ ဘဂဝတော၊ မြတ်စွာဘု ရား၏။ပါဒါနိ၊ ခြေတော်စုံတို့ကို၊ မုခေန၊ မြက်နှာဖြင့်သာလျှင်၊ ပရိစုမ္ဗတိ။ခိုက်၏။ ပါဏိဟိစ၊လက်တို့ဖြင့်လည်း။ ပရိသမ္ဗာဟ တိ၊ သုံးသပ်၏။ နာမဉ္စ၊ ဗြဟ္မာယုဟူသောအမည်ကိုလည်း၊ သာ ဝေတိ၊ကြား၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား၊ဗြဟ္မာယု ပုဏ္ဏားဘုရားကို ရှိခိုးသည်မှာ။ နေရာမှထ၍။ ရုလျှားပုဆိုးကို လက်ဝဲတဘက် ပခုံးထက်နှိုက်၊ သိုင်းကျော့ရစ်ဆင်။ စမ္ပာယ် တင်သည်ကိုပြု၍။ မြတ်စွာဘုရား၏ ခြေတော်တို့နှိုက်ဦးခေါင်း ဖြင့်ထိ၍။ မြတ်စွာဘုရားခြေတော်ကို မြက်နှာဖြင့်သာလျှင်ခိုက် ၏၊ လက်တို့ဖြင့်လည်း သုံးသပ်၏။ ဗြဟ္မာယုပုဏ္ဏားပါဘုရားဟု မိမိအမည်ကိုကြား၍၊ ရှိခိုးသောဝဏ္ဏနာစကား။ ။တစ်နည်းမိဂါယ

သေချွေး၊ ရှိခိုးကြောင်းကိုလည်း၊ ဓမ္မပဒအဋ္ဌကထာ၁ဝ်းပေရဂိ ချပ်နှိုက်။ ။ဘဂဝတောဗ္ဗိသုပါဒေသုသိရသာနိပတိတွာပါ ဒေပါဏိဟိစ ပရိသမ္ဗာဟန္တော မုခေန ပရိစုမ္ဗန္တော မိဂါယော အဟံ ဘန္တေ၊ မိဂါယောအဟံဘန္တေတိ၊ တိက္ခတ္တုံ နာမံသာ ဝေတွာ။ ။စသည်ဖြင့်ဘွင့်ပြတော်မူသည်၊ ယင်းအဋ္ဌကထာ၏ အရကိုအတ္တပြန်ဆိုသေ၁်။ ။ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဗွိ သုပါဒေသု၊ နှစ်ပါးကုန်သောခြေတော်စုံတို့နှိုက်၊ သိရသာ၊ ဥတ္တ မင်္ဂ၊ မည်ရဆန်းထူး၊ ဦးခေါင်းဦးဖြင့်၊ နိပတိတွာ၊ ထိ၍၊ ပါဒေ၊ ခြေတော်စုံတို့ကို၊ ပါဏိဟိစ၊ လက်တို့ဖြင့်လည်း၊ ပရိသမ္ဗာ ဟန္တော၊ သုံးသတ်လျက်၊ မုခေန၊ မြက်နှာဖြင့်၊ ပရိစုမ္ဗန္တော၊ ခိုက် သည်ဖြစ်၍။ ဘန္တေ၊ အသျှင်ဘုရား၊ အဟံ၊ ဘုရားတပည့်တော် သဉ်။ မိဂါယော။ မိဂါယသေချွေးတည်း၊ ဘန္တေ၊ အသျှင်ဘုရား၊ အဟံ၊ ဘုရားတပည့်တော်သည်၊ မိဂါယော၊ မိဂါယသေချွေး တည်း၊ ဣတိ၊ ဤသို့၊ တိက္ခတ္တုံ၊ သုံးကြိမ်၊ နာမံ၊ အမည်ကို၊ သာ ဝေတွာ၊ လျှောက်ကြား၍။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ မိ ဂါယသေချွေးရှိခိုးခြင်းမှာ။ မြတ်စွာဘုရား၏ခြေတော်စုံတို့နှိုက် ဦးခေါင်းဖြင့်ထိ၍၊ ခြေတော်စုံတို့ကို လက်တို့ဖြင့်လည်းသုံးသပ် လျက်။ မျက်နှာဖြင့်ခိုက်သည်ဖြစ်၍။ အသျှင်ဘုရား၊ တပည့်တော် မိဂါယသေချွေးဟု။ သုံးကြိမ်အမည်ကိုကြား၍၊ ရှိခိုးသောငန္ဒနစ ကါး။ ။အကြွယ်ကိုသိလိုလျှင်၊ ဇင်းဓမ္မပဒအဋ္ဌကထာမှာကြဉ်။ ။ တစ်နည်းဇင်းအဋ္ဌကထာ၁ဝ်းပေဋ္ဌေ၁ဝ်ချပ်၊ စိတ္တဂဟပတိဝတ္ထု၊ နှိုက်။ ။ဗွိသုဂေါပ္ပကေသုသတ္ထုပါဒေဂဟေတွာ ဝန္ဒိတံခဏံ ယေဝဇတ္တ ပကာရံ ပုပ္ဖဝဿံသာရကာရ သဟဿာနိပဝတ္တ ယိံသု။ ။ဟုဘွင့်ပြတော်မူသည်၊ ယင်းအဋ္ဌကထာ၏ အရကို အတ္တပြန်ဆိုသော်။ ။သတ္ထု၊ မြတ်စွာဘုရား၏၊ ပါဒေ၊ ခြေတော် စုံဘို့ကို၊ ဗွိသု၊ နှစ်ပါးကုန်သော၊ ဂေါပ္ပကေသု။ ဘမျက်တော်တို့ နှိုက်။ ဂဟေတွာ၊ ကိုင်လျက်။ ဝန္ဒိ၊ ရိုသေမြတ်နိုး၊ ရှိခိုးလေပြီ။ တံ ခဏံယေဝ။ ထိုခဏနှိုက်သာလျှင်၊ ဇတ္တပကာရံ၊ ဆိုအပ်ခဲ့ပြီးသော

အပြားရှိသော။ပုပ္ဖဝသံ၊ ပန်းမိုးရွာခြင်းသည်။ သာဓုကာရသဟာသံစနိ၊ အထောင်မျှလောက်သော ကောင်းကြီးပေးခြင်းအခြင်းအရာတို့သည်။ပဝတ္တယိံသု၊ဖြစ်ကုန်ပြီ။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ စိတ္တဂဟပတိသူကြွယ်သည်၊ မြတ်စွာဘုရား၏ခြေတော် အစုံတို့ကို၊ နှစ်ပါးကုန်သော ဘမျက်တော်တို့ နှိုက်ကိုင်လျက်ရှိသောမြတ်နိုး၊ ရှိခိုးသော်ခဏနှိုက်လျှင်၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ပန်းမိုးယိုတို့သည်၊ အထောင်မျှလောက်သော ကောင်းကြီးပေးခြင်း၊ အခြင်းအရာတို့သည် ဖြစ်ကုန်၏ဟုပြသော ဝန္တနစကား။ ။တစ်နည်းထေရာအဋ္ဌကထာနှိုက်လည်း။ ။သဗ္ဗေဝပါဒေသုနိပတိတွာသိရသာဝန္ဒိံသု။ ။ဟူ၍လည်းကောင်း။ ။ပုရိသဇာနိယောတိပါဒေသု နိပတိတွာသိရသာဝန္ဒိံသု။ ။ဟာဘွင့်ပြတော်မူသည်၊ ယင်းအဋ္ဌကထာ၏အရကိုအထ္ထပြန်ဆိုသော်။ ။သဗ္ဗေဝ၊အလုံးစုံသာလျှင် ဖြစ်ကုန်သောသူတို့သည်။ပါဒေသု၊ခြေတော်စုံတို့နှိုက်။နိပတိတွာ၊ခိုက်၍၊သိရသာ၊ဥတ္တမင်္ဂ၊မည်ရဆန်းထူး၊ဦးခေါင်းဦးဖြင့်။ ဝန္ဒိံသု။ရှိခိုးကုန်၏။ ။ပုရိသဇာနိယောတိ။ပုရိသဇာနိယောဟူ၍။ဝါ။ ယောကျ်ား အာဇာနီတည်းဟူ၍။ ပါဒေသု၊ ခြေတော်တို့နှိုက်။နိပတိတွာ၊ခိုက်၍။ သိရသာ၊ဥတ္တမင်္ဂ၊ မည်ရဆန်းထူး၊ဦးခေါင်းဦးဖြင့်။ ဝန္ဒိံသု၊ရှိခိုးကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ အလုံးစုံသာလျှင် ဖြစ်ကုန်သောသူတို့သည်။ ခြေတော်စုံတို့နှိုက် ဦးခေါင်းဖြင့်ခိုက်၍ ရှိခိုးကုန်၏ဟု ပြသောဝန္တနစကား။ ။တစ်နည်းမဟာဝါပါဠိတော် ၁၀း ပေကိချပ်နှိုက်။ သဟံ ပတိ ဖြဟ္မာမင်း ရှိခိုးသည်မှာ။ ။အထခေါ် ဖြဟ္မာသဟံပတိဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဒက္ခိဏာ ဇာနု မဏ္ဍလံပထဝိယံနိဟတွာ ယေနဘဂဝါ တေနဉ္ဇလိံပဏာမေတွာဘဂဝန္တံ ဧတဒဝေါစ။ ။ဟုပါဠိတော်နှိုက်လာသည်၊ ယင်းပါဠိတော်၏အရကို၊အထ္ထပြန်ဆိုသော်။ ။အထခေါ။ထိုအခါနှိုက်။ဗြဟ္မာသဟံပတိ၊သဟံပတိဗြဟ္မာမင်းသည်၊ဧကံသံ၊ဧကသ္မိံအံ

သော၊လက်ဝဲတဘက်၊ ပခုံးထက်နှိုက်။ဥတ္တရသင်္ဂ ၊သိုင်းကျော့
ရစ်ဆင်၊ ကိုယ်ဝတ်စမွာယ်တင်သည့်ကို၊ကရိတ္တာ၊ပြု၍၊ ဒက္ခိ
ဏဇာဏုမဏ္ဍလံ၊ လကျ်ာပုဆစ်ဒူးဝန်းကို၊ ပထဝိယံ။မြေနှိုက်။နိ
ဟန္တွာ၊တုပ်၍။ ယေန၊အကြင်အရပ်နှိုက်။ဘဂဝါ၊မြတ်စွာဘုရား
သည်။အတ္ထိ။ ရှိတော်မူ၏။တေန။ထိုဘုရားရှိတော်မူရာအရပ်သို့။
အဉ္ဇလိံ။လက်အုပ်ကို။ပဏာမေတွာ။ ညွတ်၍။ဘဂဝန္တံ။ဘုရား
သခင်ကို။ဧတံ။အသျှင်ဘုရား။မြတ်စွာဘုရားသည်၊တရားဟော
တော်မူပါ။ ဤသို့အစရှိသောစကားကို။ အဝေါစ၊ ရွှေနားတော်
ကြားလျှောက်ထား၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။
သဟံပတိဗြဟ္မာမင်းရှိခိုးသည့်မှာ။ လက်ဝဲတဘက် ပခုံးထက်
နှိုက်။သိုင်းကျော့ရစ်ဆင်၊ကိုယ်ဝတ်စမွာယ်တင်သည့်ကိုပြု၍။
လကျ်ာ ပုဆစ်ဒူးကို မြေနှိုက်တုပ်၍၊ မြတ်စွာဘုရား ရှိတော်မူ
ရာအရပ်သို့ လက်အုပ်ချီညွတ်၍။ မြတ်စွာဘုရား တရားဟော
တော် မူပါဟု တောင်းပန်သော ဝတ္ထုနစကား။ ။တစ်နည်း
သိကြားမင်းသည်။ သူ့အိုရောင်ဆောင်၍။ ရှင်မဟာကဿပကို
ဆွမ်းလှူရာအိမ်မှထွက်၍ရှိခိုးသည့်မှာ။ဓမ္မပဒ်အဋ္ဌကထာဝင်းပေ
ချောချုပ်နှိုက်။ ။သောဂေဟာနိက္ခမိတွာ ထေရံပဉ္စ ပတိဋ္ဌ
တေနဝန္ဒိတွာဥဘောဟိဇဏ္ဍုကာနိဩလမ္ဗိတွာ။ နိတ္ထုနန္တော
ဥဒ္ဒါယကတရထေရောနုခေါအယျော၊ ။ဟုဘွင့်ပြတော်မူ
သည်။ယင်းအဋ္ဌကထာ၏အရကိုအတ္ထုပြန်ဆိုသော်။ ။သော။ထို
သိကြားမင်းသည်။ဂေဟာ။ မိမိသူ့အိုယောင်ဆောင်၍နေသော
အိမ်မှ။နိက္ခမိတွာ။ထွက်၍။ထေရံ။မထေရ်ကို၊ ပဉ္စပတိဋ္ဌိတေန၊
ငါးပါးသော်ရှိခိုးခြင်းဖြင့်၊ ဝန္ဒိတွာ၊ရှိခိုး၍၊ဥဘောဟိ၊နှစ်ဘက်
ကုန်သော၊ဟတ္ထေဟိ။ လက်တို့ဖြင့်။ ဇဏ္ဍုကာနိ၊ပုဆစ်တို့ကို။
ဩလမ္ဗိတွာ။ထောက်၍။နိတ္ထုနန္တော။ညည်းတွားလျက်။ ဥဒ္ဒါယ။
ထင်၍။အယျော။ အသျှင်ကား။ ကတရထေရောနုခေါ။အဘယ်မ
ထေရ်နည်း။ ။ဤကားအနက်။ ။အကြွယ်ကိုသိလိုလျှင်။ယင်း
အဋ္ဌကထာမှာကြည့်ကြကုန်။ ။အဓိပ္ပါယ်အကျဉ်းကား။သိကြား

မင်းသည်၊ ရှင်မဟာကဿပကို ဆွမ်းလှူလို၍။ လူအိုယောင်ဆောင်ပြီးလျှင်။ အိမ်မှထွက်၍။ ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍၊ နှုတ်ဘက်ကျန်သောလက်တို့ဖြင့်၊ ပုဆစ်ထောက်ခါ၊ ညီးတွားလျက်၊ ထ၍အဘယ်မထေရ်နည်းဟု၊ မေးလျှောက်သောဝန္တနစကား။ ။တစ်နည်းကား။ဘုရားကိုယ်တော်မြတ်သည်။ ဇေတဝန် ကျောင်းတော်နှိုက် နေတော်မူသောအခါ။ သုပ္ပါရဂါသဘော်ဆိတ်မှ၊ ဒါရုစိပရိပိုဇ်သည်။ ယူဇနာတရာနှစ်ဆယ်ရှိသောခရီးကို၊ တညည့်တည်းလာ၍။ နိုင်းယှည့်ခြင်းမရှိသော၊ ဘုရား၏တင့်တယ်ခြင်းကိုမြင်လျှင်၊ ဘုရားကိုယ်တော်မြတ်၏ခြေတော်ကိုဦးခိုက်၍တရားဟောတော်မူပါဟုတောင်းပန်သောဝန္တနစကားမှါလည်း။ ဓမ္မပဒအဋ္ဌကထာဝဂ်းဂပစချုပ်နှိုက်။ ။သာဝတ္ထိယံပဝေသေတွာ ဘဂဝန္တံ့အနေ့ာပမာယ ဗုဒ္ဓသိရိယာဝိတ္တာယစရန္တံ ဒိသွာစီရသီဝတမေဂေါတမေါသမ္မါသမ္ဗုဒ္ဓေါဒိဋ္ဌောတိဒိဋ္ဌာန တောပဋ္ဌာယဩဏတသရိယော ဂန္တွာအနန္တရပိဒိယာမေဝပဉ္စပတိဋ္ဌိတေနဝန္ဒိတွာ၊ဂေါပ္ပကေသုဒဠှံဂဟေတွာဧဝမာဟ ဒေသေတု ဘန္တေဘဂဝါ ဓမ္မံဒေသေတု သုဂတောဓမ္မာယံမမဿဒီဃရတ္တံ ဟိတာယာသုခါယာတိ။ ။ဟုဘွင့်ပြတော်မူသည်။ယင်းအဋ္ဌကထာ၏အရကိုအတ္တပြန်ဆိုသော်။ ။သာ၊ဝတ္ထိယံ။ သာဝတ္ထိပြည်သို့၊ပဝေသေတွာ။ ဝင်တော်မူ၍။အနေ့ာပမာယ။မပမာဏ်သော၊ဝါ၊နှိုင်းယှည့်ခြင်းမရှိသော။ဗုဒ္ဓသိရိယါ။ဘုရား၏အသရေတော်ဖြင့်၊ဝိတ္တာယ၊ဆွမ်းအလို့ငှါ။စရန္တံ။ကြွသွားတော်မူသော၊ ဘဂဝန္တံ။မြတ်စွာဘုရားကို။ ဒိသွာ။မြင်၍။ သမ္မာသမ္ဗုဒ္ဓေါ။ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီးသော။ဂေါတမော။ဂေါတမသျှင်တော်ဘုရားကို၊ မေ၊အကျွန်ုပ်သည်၊ စီရသီဝတ။ ကြာမြင့်ပြီးမှလျှင်။ ဒိဋ္ဌောတိ။ဘူးမြင်ရ၏ဟု၊ဒိဋ္ဌာနတောပဋ္ဌာယ။ဘူးမြင်ရသောအရပ်မှစ၍။ ဩဏတသရိယော။ ညွတ်သောကိုယ်ရှိသည်ဖြစ်၍၊ ဂန္တွာ။သွား၍။အန္တရပိဒိယာမေဝ။ခရီးမအကြွ်းနှိုက်သါလျှင်။ပဉ္စပတိဋ္ဌိတေန။ငါး

ပါးသောရှိုးခြင်းဖြင့်။ ဝန္တိတွာ၊ ရှိုး၍။ ဂေါပ္ပကေ-ဒု။ ဘမျက်
တော်တို့နှိက်။ဒဋ္ဌံ။မြစ္စွာ။ ဂဟေတွာ။ကိုင်၍။ ဇိဝံ။ဤသို့။အာဟာ၊
လျှောက်ထား၏။ ဘဇ္ဇေဘဂဝါ။ ဘုန်းတော်ကြီးလှသောမြတ်
စွာဘုရား။ ဓမ္မံ။တရားတော်ကို။ ဒေသေတု။ ဟောတော်မူပါ
လော။ သုဂတော။ လာခြင်းကောင်းတော်မူသော မြတ်စွာဘု
ရား။မေ။အကျွန်ုပ်အား။ ဓမ္မံ။တရားတော်ကို။ ဒေသေတု၊ ဟော
တော်မူပါလော။ အယံ၊ ဤတရားဟောတော်မူခြင်းသည်ကား။
မမ။ အကျွန်ုပ်အား။ ဒီဃရတ္တံ၊ ယှည်မြင့်စွာ။ ဟိတာယ၊ အစီးအ
ပွါးဖြစ်ခြင်းငှါ၊ သုခါယ။ချမ်းသာခြင်းငှါ။ အဿဘဝေယျ။ ဖြစ်
ရာ၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်အကြွယ်ကိုသိလိုလျှင်၊
ရင်းအဋ္ဌကထာမှာကြည့်။ ။အကြင်းကား။ဒါရုစိပရမိဇ်ရှိုးသည်
မှာ။မြတ်စွာဘုရားကိုမြင်၍။ညွတ်သောကိုယ်ဖြင့်သွား၍။ခရီးမ
အကြားနှိက်။ ငါးပါးသောရှိုးခြင်းတို့ဖြင့်ရှိုး၍၊ ဘမျက်တော်
တို့နှိက်မြစ္စွာကိုင်၍၊ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား။တ
ရားဟောတော်မူပါစေသဖြင့်။တောင်းပန်သောဝတ္ထုနစကား။ ။
တစ်နည်းကား။ ဝေဒိဿကတောင်။ နဘဲပင် ရောက်ရာ လှိုင်
နှိက်။ မြတ်စွာဘုရားသတင်းသုံးတော်မူသည်ရှိသော်။ တစ်ခု
သောခင်ပုတ်ငှက်ငယ်သည်။ ရွာတွင်းသို့၊ ဆွမ်းခံအလို့ငှါဝင်
တော်မူသော မြတ်စွာဘုရားသခင်အား။ ထက်ဝက်သောခရီး
သို့မှိုလိုက်၏။ရွာမှထွက်တော်မူသည်ရှိသော်။ထက်ဝက်သော
ခရီးသို့၊ ကြိုလင့်ခြင်းကိုပြု၏၊ ထိုခင်ပုတ်ငှက်သည်။ တနေ့သ
နှိက်။ ညချမ်းသောအခါ၊ ရဟန်းအပေါင်းခြံရံလျှက်။ နေတော်မူ
သောမြတ်စွာဘုရားကိုမြင်လျှင်။မိမိနေသောတောင်မှသက်၍။
ရှိုးကြောင်းကိုလည်း။ မတ္တိုမနိကာယ်၊ အာကင်္ခေယျသုတ်အဋ္ဌ
ကထာ။သာရတ္ထသင်္ဂဟာဝိ်းပေဂုချပ်နှိက်။ ။သောဇောကဒိဝသံ
သမ္ဗာသမ္ဗုဒ္ဓံ သာယနှသမယေဘိက္ခုသံဃပရိဝုတံ နိသိန္နံပဗ္ဗ
တာဩရုယှဝန္ဒိတွာပက္ကေအပနာမေကွာ။ အဥ္စလိံပဂ္ဂယှသိသံ
ဟေဋ္ဌာကတွာ ဒသဗလံနမဿမာနောအဋ္ဌာသိ။ ။ဟုဘွင့်ပြ

တော်မူသည်၊ ယင်းအဋ္ဌကထာ၏အရကို အထူပြန်ဆိုသော်။ ။
သော်၊ ဧတ္ခံပုတ်ငှက်သည်။ ဇကာဒိဝသံ။ တနေ့သန္တိက်။ သါယန္နသ
မယေ။ ညချမ်းသောအခါနိုက်။ ဘိက္ခုသံဃပရိဝုတံ။ ရဟန်းအ
ပေါင်းခြံရံလျှက်။ နိသိန္နံ။ နေတော်မူသော။ သမ္မာသမ္ဗုဒ္ဓံ။ မြတ်
စွာဘုရားကို၊ ဒိသွာ။ မြင်၍။ ပဗ္ဗတာ။ တောင်မှ။ ဩရုယှ၊ သက်၍။
ဝန္ဒိတွာ။ ရှိခိုး၍။ ပက္ခေ။ အတောင်တို့ကို။ အပနာမေတွာ။ ဘယ်
ညာနှစ်ထွေ။ လက်ကဲ့သို့ညွတ်စေ၍။ အဉ္ဇလိံ။ တောင်ယှက်ဖြန့်
ယုတ်။ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ သီသံ။ စောင်းငဲ့ညွတ်ပြောင်း။
သဦးခေါင်းကို။ ဟေဋ္ဌာ။ အောက်နိုက်။ ကတွာ။ ပြု၍။ ဒသဗလံ။ ဆယ်
ပါးသောအားတော်နှင့် ပည့်စုံတော်မူသော မြတ်စွာဘုရားကို။
နမဿမာနော၊ ရှိခိုးလျှက်။ အဋ္ဌာသိ၊ ရပ်၏။ ။ဤကားအနက်။ ။
အဓိပ္ပါယ်ကား။ ဝေဒိဿကတောင်မှ။ တစ်ခုသောခင်ပုတ်ငှက်
သည်။ ရဟန်းအပေါင်း ခြံရံလျှက်။ ဘုရားကိုမြင်လျှင်။ မိမိနေ
သောတောင်မှ သက်၍။ အတောင်နှစ်ဘက်တို့ကို ညွတ်စေ၍။
အတောင်နှစ်ဘက်သည်၊ လက်အုပ်ကဲ့သို့ယှက်၍ညွတ်သောဦး
ခေါင်းဖြင့် အောက်သို့ပြု၍။ ဘုရားသျှင်ကိုရှိခိုးသော ဝတ္ထုနကိုပြ
သောစကား။ ။ထိုင်လျှက် ရှိခိုးသည်မှာ ဒူးနှစ်ဘက်၊ တ
တောင်နှစ်ဘက်။ လက်အုပ်နဖူးကိုထည့်ခြင်း၊ ဤငါးပါးကိုပဉ္စပ
တိဋ္ဌိတယူ၊ ဝိနယလင်္ကာရဋီကာအဆို။ ။ဤကားအပစ်လွတ်
ကင်း။ ပစ်မှားခြင်းမရှိ။ ပကတိသက်သက်၊ ထိုင်လျှက်ရှိခိုးခြင်း
ဟုဆိုအပ်သော။ ဥက္ကုဋိကဝန္ဒနမှတ်ရန်ပြီး၏။

—

ထိုင်လျှက်အပစ်ကိုဝံချကံတော့သော။ ဥက္ကုဋိကံပဝန္ဒနမှတ်
သားရန်ကား။ ။ဩရုဠှေဒ္ဓါဒနမင်းကြီးကို၊ ကံတော့သောမယ်
တော် မာယာဓာတ်နိုက်။ ။မဟာရာဇအယျော မေယံကိဉ္စိ
အစ္စယံပဋိဂ္ဂဏှာတု။ ။ဟုကံတော့နည်းလာသည်။ ။ယင်း
ပါဋ္ဌိတော်၏အရကို၊ အယ္ယူပြန်ဆိုသော်။ ။မဟာရာဇ။ ပြည်သူ
တို့၏ထိး၊ အရိပ်ကြီးကဲ့သို့။ ခိုမှီးရသောမင်းကြီး။ အယျော။ အ

ယှဉ်မင်းကြီးသည်။မေ၊အကျွန်ုပ်၏။ ယံကိဥ္စိ။ ကိုယ်နှုပ်စိတ်ရှိ။မမှတ်မိသော၊အကြောင်းတစ်ခုခုသော။ အဗ္ဗယံ။တော်လှံ့ဝေစိ။ လွန်ကြူးမိသောအပစ်သည်။ စေအတ္တိ။မ်ပ်ကောင်းကပ်ညီ။ အကယ်၍ရှိသည်ဖြစ်အံ့။ တံ။ ထိုအပစ်ကို။ ပဋိဂ္ဂဏှာတု။ ဒေါသ မထား။ မေတ္တာပွါးလျက်၊သနားရှေးရှု။သည်းခံတော်မူပါ။ ။၍ကား အနက်။ ။အမိပ္ပါယ်ကား။ သုဒ္ဓေါဒနမင်းကြီးကို၊ မယ်တော်မာယာကံတော့သည်မှာ၊ ကိုယ်နှုပ်စိတ်ရှိ။ မမှတ်မိသော၊အကြောင်းတစ်ခုခုသော။ လွန်ကြူးမိသောအပစ်သည်ရှိသည်ဖြစ်အံ့။ထိုအပစ်ကိုသည်းခံတော်မူပါဟုတောင်းပန်ဝံချသောဝတ္ထုနစကား။ ။

တစ်နည်းအမှတ်မရှိ၊ တစ်ခုခုသောရွာနိုက်။ ထေရ်ကြီး ထေရ်ငယ်နှစ်ပါး၊ ဆွမ်းခံသွားကြကုန်၏။ ထိုမထေရ်နှစ်ပါးရပ်သောအိမ်နိုက်ပင်လျှင် တဟင်းကြူးမျှ လောက်သော။ လောလောပူသောယာဂုကိုရကုန်၏။ မထေရ်ကြီးအားလည်း။ ဝမ်းနိုက်လေသည်ထိုးကျင့်၏။မထေရ်ကြီးသည်ကြံ၏။၍ယာဂုသည်ငါ့အားလျော်ကပတ်၏။အကြောင်းမျှလောက်ချမ်းသာသည်မဖြစ်သေး။ ထိုမျှလောက်သောက်အံ့။၍သို့ကြံ၍။မထေရ်ကြီးသည်၊ လူတို့တံခါးခံအလို့ငှါဆောင်ခဲ့သောသစ်တုံးနိုက်တိုင်၍ယာဂုကိုသောက်၏ ရဟန်းငယ်သည်။ ထိုအမူအရာကို၊ စက်ဆုတ်ငြီးရကား။အလွန်ပွတ်သိတ်ခြင်း၊ဆင်းရဲနှိပ်စက်သည်ဖြစ်၍။ရဟန်းကြီးသည်၊ငါတို့၏ရှက်ကြောက်ဘွယ်ကိုပြု၏ဟုဆို၏။မထေရ်ကြီးသည်၊ရွာ၌ထက်ဝန်းကြင်လှည့်လည်၍ ကျောင်းသို့ရောက်လျှင်။ အငယ်ဖြစ်သော မထေရ်ကိုဆို၏။ ငါ့ယှဉ်သင့်အားနှ်သာသနာတော်နိုက်တည်ရာရှိပါ၏လော။ ၍သို့မေး၏။ အယှင်ဘုရားရှိပါ၏။တပည့်တော်သည်သောတာပန်တည်း။ ဤသို့လျှောက်ပေသော်။ ငါ့ယှဉ်ထိုသို့ တပြီးကား။ အထက်မဂ်သုံးခုအလို့ငှါ လုလ္လကိုမပြုလင့်။ သင်သည် ရဟန္တာကိုကဲ့ရဲ့၏ ဟုမထေရ်ကြီးက ဆိုပေသော်။ ရဟန်းငယ်သည်။ မထေရ်ကြီးကို သည်းခံစေ၏။ ။

ထေရ်ငယ်ကပစ်များမိ၍ ထေရ်ကြီးကိုကံတော့နည်းမှာ။ သာ

ရဋ္ဌသင်္ဂဟာဝိသုဒ္ဓိမဂ်အဋ္ဌကထာ၁ဝိးပေငေါ်ချပ်နိုက်။ ။ဝန္တိတွာ
ဥက္ကုဋိကံနိသိဒိတွာ အဥ္ဇလိံပဂ္ဂဟေတွာ အယံဘန္တေတုမှေဇူ
ဒ္ဒိုဒ္ဒူအဝ္ဂစံတံမေခမာပေဟိတိခမာပေတဗ္ဗော။ ။ဟာဘွင့်ပြ
တော်မူသည်။ယင်းအရကိုအဋ္ဌပြန်ဆိုသော်။ ။ဝန္တိတွာ။ရှိခိုး
၍။ဥက္ကုဋိကံ။ဆောင့်ချောင့်၊နိသိဒိတွါ။ထိုင်၍။အဥ္ဇလိံ။လက်အုပ်
ကို။ပဂ္ဂဟေတွာ။ချီ၍။ ဘန္တေ။အရှင်ဘုရား။ အယံ။ဘုရားတပည့်
တော်သည်။တုမှေ။အယှင်ဘုရားတို့ကို။ ဇူဒ္ဒိုဒ္ဒူ။ဤမည်ဤမည်
သောစကားကို။အဝစံ၊ဆိုမိချေပြီ။မေ။ အကျွန်ုပ်၏။တံ။ထိုအပစ်
ကို၊ခမာပေဟိ၊သည်းခံတော်မူပါ။ဣတိ။ဤသို့။ခမာပေတဗ္ဗော၊
သည်းခံစေအပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကားမ
ထေရ်ငယ်ကညီညွတ်ရိုသေစွာ။ဆောင့်ချောင့်ထိုင်လျက်လက်
အုပ်ချီပြီးလျှင်။အယှင်ဘုရားတပည့်တော်သည်။အယှင်ဘုရားတို့
ကို၊ဤမည် ဤမည်သောစကားတို့ကို ဆိုမိချေပြီ။ အကျွန်ုပ်၏အ
ပစ်ကိုသည်းခံတော်မူပါဟု။ဝံချကံတော့သောဝန္တနစကား။ ။
မထေရ်ကြီးကမထေရ်ငယ်ကို ပစ်မှားမိ၍။ကံတော့သောနည်း
မှာ၊ သာရဋ္ဌသင်္ဂဟာ ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၁ဝိးပေငေါ်ချပ်
နိုက်။ ။ဥက္ကုဋိကံ နိသိဒိတွာအယံအာယသ္မတံဇူဒ္ဒိုဒ္ဒူအဝစံ
တံခမာပေဟိတိခမာပေတဗ္ဗော။ ။ဟာဘွင့်ပြတော်မူသည်။
ယင်းအရကိုအဋ္ဌပြန်ဆိုသော်။ ။ဥက္ကုဋိကံ။ဆောင့်ချောင့်။ နိ
သိဒိတွာ။ထိုင်၍။ အယံ၊ ငါသည်။ အာယသ္မတံ။ ငါ့ယှင်ကို။ဇူဒ္ဒို
ဒ္ဒူ။ ဤမည် ဤမည်သော စကားကို။ အဝစံ။ ဆိုမိချေပြီ။ တံ။
ထို အပစ်ကို။ခမာပေဟိ။ သည်းခံပါ။ ဣတိ။ဤသို့။ ခမာ ပေ
တဗ္ဗော။သည်းခံစေအပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်
ကား။မထေရ်ကြီးကမထေရ်ငယ်အနားမှာထိုင်၍။ငါသည်။ငါ့
ယှင်ကို။ဤမည်ဤမည်သောစကားကို၊ဆိုမိချေပြီ။ ထိုအပစ်ကို
သည်းခံပါဟု မထေရ်ကြီးက မထေရ်ငယ်ကိုဝံချတောင်းပန်
သော်ဝန္တနစကား။ ။အတယ်၍ပစ်မှားအပ်သောပုဂ္ဂိုလ်သည်
အရပ်တစ်ပါးသို့။ကြွသွားခိုက်ကြိုသည့်ဖြစ်အံ့။မိမိကိုတိုင်လိုက်

သွားရ၍သော်ရင်း။ မိမိအတူနေ တပည့်ကို စေလွှတ်၍သော်ရင်း
သည်းခံစေအပ်၏။ အကယ်၍ လိုက်သွားခြင်းငှါရင်း၊ ကိုယ်စား
ခိုင်းခြင်းငှါမစွမ်းနိုင်အံ့။ ထင်ရှားရှိသောသတင်းကြား၍ထံ။ ဆိုအပ်
ခဲ့ပြီးသော ကံတော့နည်းဖြင့်။ ကံတော့အပ်ကြောင်းကိုလည်း။
ရင်းသာရတ္ထသင်္ဂဟာဝိသုဒ္ဓိမဂ်အဋ္ဌကထာရင်းအချုပ်နိုက်။
အဟံဘန္တေအသုကံနာမအာယသ္မန္တံ။ ဣဒ္ဓိဒ္ဓအဝစံခမာပေတု
မေသောတံဝတွာခမာပေတဗ္ဗော။ ။ဟာဘွင့်ပြတော်မူသည်။
ယင်းအရကို၊ အဋ္ဌပြန်ဆိုသော်။ ။ဘန္တေ၊ အယှင်ဘုရား။ အဟံ၊
ဘုရားတပည့်တော်သည်။ အသုကံနာမ၊ ဤအမည်ရှိသော။ အာ
ယသ္မန္တံ။ အယှင်ကို။ ဣဒ္ဓိဒ္ဓ။ ဤမည်ဤမည်သော စကားကို
လည်း။ အဝစံ။ ဆိုမိချေပြီ။ သော။ ထိုအယှင်သည်၊ မေ၊ အကျွန်ုပ်
အား၊ တံ။ ထိုအပစ်ကို၊ ခမာပေတု၊ သည်းခံပါစေလော့၊ ဣတိ။
ဤသို့။ ဝတွာ။ မှာဆိုခဲ့၍၊ ခမာပေတဗ္ဗော၊ သည်းခံစေအပ်၏။ ။
ဤကားအနက်။ ။အဓိပ္ပါယ်ကား။ အယှင်ဘုရားတပည့်တော်
သည်၊ ဤအမည်ရှိသောအယှင်ကို၊ ဤမည်ဤမည်သောစကား
ကိုဆိုမိချေပြီ၊ ထိုအယှင်သည် အကျွန်ုပ်အား။ ထိုအပစ်ကိုသည်း
ခံပါစေလော့၊ ဤသို့မှာဆိုလျှောက်ထားသောဝန္ဒနစကား။ ။
ပစ်မှား အပ်သောသူသည်။ ဧကစာရိကာ၊ တစ်ယောက်ထည်း
ကျင့်သောရဟန်းဖြစ်အံ့။ ထိုအရိယာရဟန်း၏၊ နေရာအရပ်သဲ၌
မထင်။ သွားရာအရပ်လည်း မထင်သော်။ တစ်ယောက်သော
ပညာရှိရဟန်း၏အထံသို့သွား၍။ လျှောက်ထား၍မေးမြန်းအပ်၏။
လျှောက်ထားနည်းကား။ ။အဟံဘန္တေအသုကံနာမဘိက္ခုံ
ဣဒ္ဓိဒ္ဓအဝစံ တံမေအနုသရတော ဝိပ္ပဋိသာရီဟောတိ ကိံ
ကရောမိတိဝတ္တဗ္ဗံ။ ။ဟူ၍သာရတ္ထသင်္ဂဟာဝိသုဒ္ဓိမဂ်ရင်းအ
ချုပ်နိုက်လာ၏၊ ယင်းအရကိုအဋ္ဌပြန်ဆိုသော်။ ။ဘန္တေ။ အယှင်
ဘုရား။ အဟံ။ ဘုရားတပည့်တော်သည်။ အသုကံနာမ။ ဤအမည်
ရှိသော။ ဘိက္ခုံ၊ ရဟန်းကို၊ ဣဒ္ဓိဒ္ဓ။ ဤမည်ဤမည်သောစကား
ကို။ အဝစံ။ ဆိုမိချေပြီ။ တံ၊ ထိုအပစ်ကို၊ အနုသရတော။ အောင်း

မေ့သော။ေ၊။ အကျွန်ုပ်အား။ ဝိပ္ပဋိသာရီ။ နှစ်လုံးမသာရာခြင်း
သည်။ေဘာတိ။၏။ကိံ၊ အဘယ်အမှုကို၊ ကရောမိ။လွတ်အောင်
ပြုရပါအံ့နည်း။ဣတိ။ဤသို့၊ ဝတ္တုဗ္ဗံ။လျှောက်ထားအပ်၏။ ။ဤကား
အနက်။ ။အဓိပ္ပါယ်ကား။အသျှင်ဘုရား။ ဘုရားတပည့်တော်
သည်။ဤအမည်ရှိသောရဟန်းကို။ဤမည်ဤမည်သော စကား
ကိုဆိုမိချေပြီ။ထိုအပစ်ကို၊ အောင်းမေ့သောအကျွန်ုပ်အား။ နှစ်
လုံး မသာရာခြင်းသည် ဖြစ်၏။ အဘယ်သို့သော အမှုကို ပြုမှ
လွတ်ရပါအံ့နည်းဟု။လျှောက်ထားပြောဆိုသောစကား။ ။
ယင်းသို့လျှောက်ထားသော်။လျှောက်ထားအပ်သောရဟန်းက
ပြောဲဆိုဟန်ကား။ ။သောဝက္ခတိတုမှေမာစိန္တယိတ္ထ။ ထေ
ရောတုမှာကံခမတိစိတ္တံဝုပသမေထာတိ။ ကောနာပိအရိယာသ
ဂတဒိသာဘိမုခေနအဥ္ဇလိံပဂ္ဂဟေတွာခမတုတိဝတ္တဗ္ဗံ။ ။ရင်း
ကြလာ်းရင်းအချပ်နှိုက် ဘွင့်ပြတော်မူသည်။ ယင်းအရကို အထွ
ပြန်ဆိုသော်။ ။သော။ထိုပညာရှိရဟန်းသည်။ဝက္ခတိ။ ဆို
လတ္တံ့။တုမှေ။သင်တို့သည်။ပါစိန္တယိတ္ထ။သည်းမခံဟူ၍မကြီကြ
ကုန်လင့်။ ထေရော။မထေရ်သည်။တုမှာကံ၊ သင်တို့အား။ခမတိ၊
သည်းခံ၏။ စိတ္တံ။ စိတ်ကို။ ဝုပသမေထ။ ငြိမ်းစေ ကုန်လော့။
ဣတိ။ဤသို့။ဝတ္တဗ္ဗ။ ဆိုပေသော်။ တေနာပိ။ ထိုပစ်မှားမိသော
ရဟန်းသည်လည်း။အရိယာသ။အရိယာ၏။ဂတဒိသါဘိမုခေန။
ကြွသွားရာ အရပ်သို့ ရှေးရှု။ သဖြင့်။ အဥ္ဇလိံ။ လက်အုပ်ကို။
ပဂ္ဂဟေတွာ။ချီ၍။ခမတု။သည်းခံတော်မူပါလော့။ ဣတိ။ဤသို့။
ဝတ္တဗ္ဗံ။လျှောက်ထားအပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်
ကား။ထိုပညာရှိရဟန်းသည်ဆိုလတ္တံ့။ သင်တို့အား သည်းမခံ
ဟူ၍ မကြီကြဲကုန်လင့်။ မထေရ်သည် သင်တို့အားသည်းခံ၏။
စိတ်ကိုငြိမ်းစေကုန်လော့။ဤသို့ဆိုပေသော်။ထိုပစ်မှားမိသော
ရဟန်းသည်လည်း။ အရိယာ၏ ကြွသွားရာအရပ်သို့ ရှေးရှုသ
ဖြင့်။ရိုသေမြတ်နိုး။ လက်အုပ်ချီမိုး၍၊ သည်းခံတော်မူပါဘုရား
ဟုဆို၍ တောင်းပန်သောဝန္တနစကား။

အကာယ်၍ပစ်မှားခဲ
ကမ္ဘာ့ပုဋ္ဌကိုသိလ်
စာကြည့်တိုက်
ကမ္ဘာ့အေး

ရသောပုဂ္ဂိုလ်သည်။ ပရိနိဗ္ဗာန် ပြုသည်ဖြစ်အံ့ ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်းရှိရာအရပ်သို့သွား၍လည်း၊ ကောင်း။ သင်္ကြိုင်းရာ တိုင်ရောက်အောင်သွား၍ လည်းကောင်း။ ကံတော့အပ်၏။ ကံတော့သောနည်းမှာ။ ရှေးကံတော့သော သိုနည်းအတိုင်း ကံတော့လေ။အပစ်ပြောက်၏။အကြွယ်ကိုသိလိုလျှင်။ငင်းသါရဋ္ဌပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ကြည့်ရှုကြကုန်။ ။တစ်နည်းအနုရုဒ္ဓါ ထေရ်ကို။ကိလေသာအတွက်ကြောင့်။ တပ်မက်ပစ်မှားသော။ မာတုဂါမကံတော့သော နည်းကား။ ပါဠိတ်ပါဠိတော်ဂါ်းပေချ ချပ်နိုက်။ ။အာယသ္မတောအနုရုဒ္ဓသသပါဒေသု။သီရသာနိပ တိတွာအာယသ္မန္တံအနုရုဒ္ဓံတေဒဝေါစ။အစ္စယောမံဘန္တေအစ္စဂ မါယထာဗါလံယထာမူဠံယထာအကုသလံယာဟံဝေမကာသိ။ တဿမေဘန္တေအယျောအစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတုအာ ယတိံသံဝရာယာတိ။ ။ငင်းပါဠိတော်နိုက်မိန့်တော်မူသည်။ ငင်းပါဠိတော်၏အရကိုအတ္တပြန်ဆိုသော်။ ။အာယသ္မတော။ ယှဉ်သောသက်တော်ရှိသော။အနုရုဒ္ဓသ။ အနုရုဒ္ဓါထေရ်၏။ ပါဒေသု။ခြေတို့နိုက်။သိရသာ။ဦးခေါင်းဖြင့်။နိပတိတွာ။ချ၍။အါ ယသ္မန္တံ။ယှဉ်သောသက်တော်ရှိသော၊။အနုရုဒ္ဓံ။အနုရုဒ္ဓါထေရ် ကို။ဧတံဝစနံ။ဤသို့သောစကားကို။အဝေါစ။ လျှောက်ထား၏။ ဘန္တေ။အယှင်။အစ္စယော။အပစ်သည်။မံ။အကျွန်ုပ်ကို။အစ္စဂမာ။ နှိပ်စက်၏။ယထာဗါလံ။မိုက်သည်အလျောက်၊ယထာမူဠံ။ မှား သောအလျောက်။ယထာအကုသလံ။ မလိမ္မာသောအလျောက်။ ယာဟံ။အကြင်ငါသည်။တွံ။အယှင်ဘုရားကို။[illegible]။ဤသို့။ အကာ သိ။ပြုမိပြီ။ဘန္တေ။အယှင်ဘုရား၊ တဿမေ။ထိုအကျွန်ုပ်၏။ အစ္စ ယံ၊အစ္စယဒေါသံ။ လွန်ကျူးသော အပစ်ကို။ အယျော၊ အယှင် ကောင်းသည်။အစ္စယတော။အပစ်အလျှော်။ အာယတိံ။ နောင် အခါ၌။သံဝရာယ။စောင်းစည်းခြင်းငှာ။ပဋိဂ္ဂဏှာတု။ သည်း ခံတော်မူစေခြင်း၏။ဣတိ၊ဤသို့။ရတ္တော့ဆိုအပ်သော်။ ။ဤကား အနက်။ ။အဓိပ္ပါယ်ကား။ ယှဉ်သောသက်တော်ရှိသော၊

အနုရုဒ္ဓါ၏ခြေတော်နှိက်။ဦးခေါင်းဖြင့်ချ၍။ယှဉ်သော်သက်တော်
ရှိသောအနုရုဒ္ဓါမထေရ်ကို။ ဤသို့သောစကားဖြင့် လျှော်ထား
၏။ အယှင်အပစ်သည်။ အကျွန်ုပ်ကို နှိပ်စက်၏။ ရိုက်သည်အ
လျှောက်။မှားသောအလျှောက်။မလိမ္မာသောအလျှော်။ အကြင်
အကျွန်ုပ်သည်။အယှင်ကိုဤသို့ပြုမိပြီ။အယှင်ဘုရား။ ထိုအကျွန်ုပ်
၏ အပစ်ကို၊အယှင်ကောင်းသည်။ အပစ်အလျှောက်။ နောင်အ
ခါနှိက်။စောင်းစည်းခြင်းငှာ၊ သည်းခံတော် မူစေခြင်း၏။ ဤသို့
လျှော်ထားဆိုအပ်သောဝန္ဒနစကား။ ။ထိုမါတုဂါမကကံ
တော့သော်။အနုရုဒ္ဓါအရှင်က။သည်းခံသောစကားမှာ။ ။တဂ္ဃ
တွံ ဘဂိနိအစ္စယော အစ္စဂမာယထာဗါလံယထာရုဠှံ ယထာအ
ကုသလံ။ ယာတွံ ဧဝမကာသိ။ ယတောစခေါ်တွံ ဘဂိနိအစ္စယံ
အစ္စယတောဒိသွာယထာဓမ္မံ။ ပဋိကရောသိတံ တေမယံပဋိဂ္ဂ
ဏှာမ။ဝုဍ္ဎိဟေသာဘဂိနိအရိယဿဝိနယေယံအစ္စယံအစ္စယတော
ဒိသွာယထာဓမ္မံ ပဋိကရောသိအာယတိံ သံဝရမှာပဇ္ဇတိတိ။ ။
ဟုရှင်းပါဠိတော်နှိက်လါသည်။ ယင်းပါဠိတော်၏အရကိုအတွ
ပြန်ဆိုသော်။ ။ဘဂိနိ။နှမ။တဂ္ဃ။ကောင်း၏။တွံ။သင့်ကို။ အစ္စ
ယောအစ္စယခေါ်သော။အပစ်သည်။အစ္စဂမါ။နှိပ်စက်၏။ယထာ
ဗါလံ၊ရိုက်သည်အလျှော်။ ယထာရုဠှံ။ မှားသောအလျှော်။ ယ
ထာအကုသလံ။မလိမ္မာသောအလျှော်။ယာတွံ။အကြင်သင်သည်။
ဧဝံ။ဤသို့။အကာသိ။ပြုမိချေပြီ။ဘဂိနိ။နှမ။ ယတောစခေါကာရ
ဏာ။ အကြင်အကြောင်းကြောင့်။တွံ။သင်သည်။အစ္စယံ၊ အစ္စယ
ခေါ်သံ။အပစ်ကို၊ အစ္စယတော။အပစ်အလျှော်။ ဒိသွာ။မြင်၍။ ယ
ထာဓမ္မံ။သဘောအလျှော်။ပဋိကရောသိ။ထင်စွာကုစါး၏။တေ။
သင်၏။တံအစ္စယံ။ထိုအပစ်ကို။မယံ။ငါတို့သည်။ပဋိဂ္ဂဏှာမ။သည်း
ခံကုန်အံ့။ဘဂိနိ၊နှမ။အရိယဿ။မြတ်စွာဘုရား၏။ဝိနယေ၊အဆုံး
အမတော်၌။အစ္စယံ။အပစ်ကို။အစ္စယတော။အပစ်အလျှော်။ဒိသွါ။
မြင်၍။ယထာဓမ္မံ။တရားအလျှော်။ယံပဋိကရောသိ။အကြင်အပစ်
ကိုကုစါး၏။အာယတိံ။နောင်အခါ၌။ သံဝရံ။စောင်းစည်းခြင်းသို့။

အာပတ္တိ။ရောက်၏။ သော။ဤသို့ကုစါးခြင်းသည်ပ ဂုဏိ။အစိးအ
ပွားတည်း။ဝါ။ကြီးပွားခြင်းတည်း။ ။ဤကားအနက်။ ။အ
ဓိပ္ပာယ်ကား။နှမ၊ကောင်း၏။သင့်ကိုအပဏ်သည်နှိပ်စက်၏။မိုက်
သဥ္စအလျှော်၊များသောအလျှော်။မလိမ္မာသေါအလျှော်။အကြွင်
သင်သည်။ဤသို့ပြုမိချေပြီ။ နှမအကြွင်အကြောင်းကြောင့်။ သင်
သဥ်။အပစ်ကိုအပစ်အလျှော်မြင်၍။သဘောအလျှော်ထင်စွာကု
စါး၏၊ သင်၏ထိုအပစ်ကို။ ငါတို့သည်သည်းခံကုန်အံ့။နှမပြော
သေါဘုရား၏အဆုမ္မတော်နှိုက်။ထိုအပစ်အလျှော်မြင်၍။ တရား
အလျှော်၊အကြွင်သူသဥ်။အပစ်ကိုကုစါး၏။နောင်အခါ၌။စေါင်း
စဉ်းခြင်းသို့ရောက်၏။ဤသို့ကုစားခြင်းသည် ။ အစိးအပွါးတဉ်း
ဟု။ယှဉ်အနုရုဒ္ဒါကသည်းခံသောစကားရပ်။ ။တစ်နည်းကား၊
ယှဉ်မဟာကစ္စည်းမထေရ်ကို။ ငါ့မယားဖြစ်ပါမူကား ကောင်း
လေစွဟု၊ ပစ်မှားမိသော၊ သောရေယျသေဋ္ဌေးသား၏အဆွေ
ဖြစ်သော သေဋ္ဌေးသားတို့က။ ၎င်းသောရေယျသေဋ္ဌေးသား
ကိုခေါ်၍။အယှဉ်မဟာကစ္စည်းမထေရ်ကို။ကံတော့သောနည်း
မှာ။ဓမ္မပဒအဋ္ဌကထါဝါဝ်းပေဆော့ချပ်နှိုက်။ ။ဘန္တေမယှံသဟာ
ယိကာယခမထာတိအာဟ။ ။ဟုလျှော်ထါး၏။ယင်းအဋ္ဌကထာ
၏အရကို၊အတ္တပြန်ဆိုသော်။ ။ဘန္တေ။ အယှဉ်ဘုရား။ မယှံ။
ဘုရားတပည့်တော်၏။သဟာယိကာယ၊ အဆွေဖြစ်သော့မိန်းမ
အား။ခမထ။သည်းခံတော်မူပါကုန်။ဣတိ။ ဤသို့။အာဟ။လျှော်
ထားလေ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။အယှဉ်ဘုရား။
ဘုရားတပည့်တော်၏အဆွေဖြစ်သောမိန်းမ[illegible]း။သည်းခံတော်
မူပါကုန်။ဤသို့လျှော်ထားသောဝန္တနစကား။ ။ဤသို့သော
ရေယျသေဋ္ဌေးသား၏အဆွေတို့က။လျှော်ထားသောအခါ။ အ
ယှဉ်မဟာကစ္စည်းမထေရ်က။ အဘယ်သို့ပစ်မှားသနည်းဟုမိန့်
တော်မူသော်။ ထိုသောရေယျသေဋ္ဌေးသား၏ အဆွေတို့က
လျှော်ထားသောစကားမှာ။၎င်းအဋ္ဌကထာနှိုက်။ ။အယံဘန္တေ
ပုဗ္ဗေမယှံပိယသဟာယကောဟုတ္ဘာ၊ တုမှေသြလေါကေတွာ

ဧဝံနာမစိန္တေသိ အထအဿ ပုရိသလိင်္ဂံ အန္တရဓါယိ၊ ဣတ္ထိ
လိင်္ဂံ ပါတုဘဝိခမထ ဘန္တေတိ။ ။ဟုငင်းအဋ္ဌကထာနိုက်ဘွင့်ပြ
တော်မူသည်။ယင်းအဋ္ဌကထာ၏အရကိုအတ္တပြန်ဆိုသော်။ ။
ဘန္တေ။အသျှင်ဘုရား။အဟံ၊ ဤမိန်းမသည်။ ပုဗ္ဗေ။ယှေးက။မယှံ၊
ငါကျွန်ုပ်၏။ ပိယသဟာယကော။ ချစ်ခင်သော မိတ်ဆွေ ဖြစ်
သော ယောကျ်ားသည်။ဟုတွာ၊ဖြစ်၍။ တုမှေ၊အသျှင်ဘုရားတို့
ကို။ဩလောကေတွာ၊ တွေ့မြင်၍၊ဧဝံနာမအဟောဝတအယံထေ
ရော။မမဘရိယာဘဝေယျ။ အစရှိသော၊ ဤသို့ယုတ်မာသောအ
ကြံကို။စိန္တေသိ။ကြံမိပါ၏။အထ။ထိုအခါနိုက်။အဿ။ မချွတ်
မလွင်း။ပုရိသလိင်္ဂံ။ပုရိသလိင်သည်။အန္တရဓါယိ။ကွယ်ပျောက်
၏။ဣတ္ထိလိင်္ဂံ။ ဣတ္ထိလိင်သည်။ ပါတုဘဝိ။ထင်ရှားဖြစ်လေ၏။
ဘန္တေ။အသျှင်ဘုရား။ခမထ၊သည်းခံတော်မူပါ။ဣတိ၊ဤသို့။အာ
ဟ၊လျှောံ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။အသျှင်ဘုရား
ဤမိန်းမသည်။ ယှေးကအကျွန်ုပ်၏ ချစ်ခင်သောမိတ်ဆွေ ဖြစ်
သောယောကျ်ားသည်ဖြစ်၍။အသျှင်ဘုရားတို့ကိုတွေ့မြင်ရာ။ဤ
အသျှင်သည် ငါ၏မယားဖြစ်ပါမူကား၊ကောင်းလေစွဟုကြံမိပါ
၏။ထိုအခါနိုက်၊ မချွတ်မလွင်း၊ ပုရိသလိင်သည်ကွယ်ပျောက်၍။
ဣတ္ထိလိင်သည်ထင်ရှားဖြစ်လေ၏။အသျှင်ဘုရား၊သည်းခံတော်
မူပါ။ဤသို့လျှောံထားတောင်းပန်သောဝတ္ထုစကား။ ။ထိုသို့
သောရေယျသေဋ္ဌေးသား၏အဆွေတို့ကား။ကံတော့လျှောံထား
လေသော်။ယှင်မဟာကစ္စည်းမထေရ်က ပြန်၍သည်းခံတော်မူ
သောစကားမှာ။ငင်းအဋ္ဌကထာငင်းအချပ်နိုက်ပင်။ ။တေနဟိ
ဥဋ္ဌာဟထခမာမိတေအဟန္တိထေရေနခမာမိတိဝုတ္တမတ္တေဧဝ
ဣတ္ထိလိင်္ဂံအန္တရဓါယိ။ ပုရိသလိင်္ဂံပါတုဘဝိ။ ။ဟုဘွင့်ပြတော်
မူသည်။ယင်းအဋ္ဌကထာ၏အရကိုအတ္တပြန်ဆိုသော်။ ။တေနဟိ။
ထိုသို့တပြီးကား။ဥဋ္ဌာဟထ။မကောင်းမှုကံမှထမြော့ကျန်လော။
တေ။သင်အား။အဟံ။ငါသည်။ ခမာမိ။သည်းခံ၏။ဣတိ။ ဤသို့
ထေရေန။ယှင်မဟာကစ္စည်းမထေရ်သည်၊ ခမာမိတိ။ သင့်အ

ပစ်ကို၊ ငါသည်းခံ၏ဟူ၍။ ဝုတ္တမတ္တေ။ ဆိုကာမျှနှိုက်။ ဧဝံ။ ဤသို့သော၊ ဇာတ္တိလိင်္ဂ၊ ဇာတ္တိလိင်သည်။ အန္တရဓာယိ။ ကွယ်ပြောက်၏။ ပုရိသလိင်္ဂ။ ပုရိသလိင်သည်။ ပါတုဘဝိ၊ ထင်ရှားဖြစ်လေ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ ထိုသို့တပြီးကားမကောင်းမှုကံမှထမြောက်ကုန်လော။ သင့်အားငါသည်းခံ၏။ ဤသို့ဆိုကာမျှနှိုက် ဇာတ္တိလိင်သည် ကွယ်ပြောက်၏။ ပုရိသ လိင်သည် ထင်ရှားဖြစ်လာ၏ ဟူ ယှင်မဟာကစ္စည်း မထေရ်သည်းခံသောစကား။ ။ရာဇဂြိုဟ်ပြည်နှိုက်။ ဝသာကာရ အမည်ရှိသောပုဏ္ဏားသည်။တနေ့သနှိုက်၊ ဂိဇ္ဈကုနှဲ့တောင်မှသက်သောယှင်မဟာကစ္စည်းမထေရ်ကိုမြင်၍။ ဤအယှင်သည်မြော်ကဲ့သို့တကားဟုပစ်မှားမိ၍။ မကံတော့ချေသောကြောင့်၊ ဝါးတောဝေဠုဝန်နှိုက်မြောက်ဖြစ်ရသောအကြောင်းကိုလည်း။ ။သာရတ္ထသင်္ဂဟ ၁၀ဝိ ပေဒချုပ်မဏ္ဍိမ နိကာယ်ဂေါပကမောဂ္ဂလာနသုတ်နှိုက်လည်း။ ။ရာဇဂဟေဝဿကာရောနာမဗြာဟ္မဏောကောဒိဝသံမဟာကစ္စာယနထေရံ ဂိဇ္ဈကူဋာသြတရန္တံ ဒိသွာ။ မက္ကဋောဝိယဧသောတိအာဟ ဘဂဝါတံကထံသုတွာသစေခမာပေတိ၊ ဇာစ္စွတံကုသလံနေသာစေတံခမာပေတိ၊ ဇာမသ္မိံဝေဠုဝနေ ဂေါနင်္ဂြိမက္ကဋောဘဝိဿတိတိအာဟ။ သောတံကထံသုတွာသမဏာသဂေါတမသာ။ ကထာယ ဒွေဘာဝေါနာမနှုံ။ ပဍ္ဍာမက္ကဋဘူတကါလေဂေါစရဋ္ဌာနံဘဝိဿတိတိဝေဠုဝနေနာနာဝိဓေ ရုက္ခေရောပေတွာအာရက္ခံပဋ္ဌပေသိ၊အပရဘာဂေကါလံကတွာမက္ကဋောဟုတွာနိဗ္ဗတ္တိ။ ။ဟုဘွင့်ပြတော်မူသည်။ ယင်းအရကို အတ္ထပြန်ဆိုသော်။ ။ရာဇဂဟေ။ ရာဇဂြိုဟ်ပြည်နှိုက်။ ဝဿကာရောနာမ။ ဝဿကာရ အမည်ရှိသော။ ဗြာဟ္မဏော။ ပုဏ္ဏားသည်။ ကောဒိဝသံ။ တနေ့သနှိုက်။ ဂိဇ္ဈကူဋာ။ ဂိဇ္ဈကုနှဲ့တောင်မှ။ ဩတရန္တံ။ သက်သော။ မဟာကစ္စာယနထေရံ။ ယှင်မဟာကစ္စည်းမထေရ်ကို။ ဒိသွာ။ မြင်၍။ ဧသော၊ ဤရဟန်းသည်၊ မက္ကဋောဝိယ။ မြော်ကဲ့သို့တကား။ ဇာတိ။ ဤသို့။ အာဟ၊ ဆို၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။တံကထံ။ ထိုစကားကို။ သုတွာ၊ ကြားတော်မူ၍။ အယံ။ ဤဝဿကာရပုဏ္ဏားသည်။သစေ။ အကယ်၍။ဏံ။ထိုကစ္စည်းမထေရ်ကို။ ခမာပေတိ။ ကံတော့ချေအံ့။ ဇာတွေတံဇာတိတော်။ဤသို့ကံတော့ခြင်းသည်။ကုသလံ။ ကောင်း၏။တံ။ထိုကစ္စည်းမထေရ်ကို။နောခမာပေတိ။အကယ်၍မကံတော့ပဲနေချေအံ့။ဇာမသို့ ဝေဠုဝနေ။ ဤဝေဠုဝန်၌။ ဂေါဏာဂိုဠ မဲ့ဘုရွှော။ဂေါဏာဂိုဠမည်သောမြေခံညှိသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ဇာတိ၊ ဤသို့။ အာဟ။ မိန့်တော်မူ၏။သော။ထိုဝဿကာရ ပုဏ္ဏားသည်။ တံကထံ။ ထိုမြတ်စွာဘုရား မိန့်ဆိုတော်မူသော စကားကို။သုတွာ။ကြား၍။သမဏာဿဂေါတမဿ။ရဟန်းဂေါတမ၏။ကထာယ။စကား၏။ဒွေဘာဝေါနာမ။နှစ်ခွဖြစ်ဘူးသော အရာမည်သည်။ နတ္ထိ။မရှိစဘူး။ပစ္ဆာ။ နောက်၌။မေမမ။ ငါ၏။ မက္ကဋဘူတကာလေ။ မြောက်ဖြစ်၍ဖြစ်သောကာလနှိုက်။ ဂေါ စရဋ္ဌာနံ။ကြက်စါးရာအရပ်သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။ဇာတိ၊ ဤသို့။ဝေဠုဝနေ။ဝေဠုဝန်တောနှိုက်။နာနာဝိဓေ၊ အထူးထူးအပြားပြားရှိကုန်သော။ရုက္ခေ။သစ်ပင်တို့ကို။ ရောပေတွာ။ စိုက်ပျိုးစေ၍။အာရက္ခံ။အစောင့်အရှောက်ကို။ ပဋ္ဌာပေသိ။ထား၏၊ အပရဘာဂေ။နောက်အဘို့နှိုက်။ကါလံကတွါ။သေခြင်းကိုပြု၍။ မက္ကဋော ဟုတွာ။မက္ကဋဘာဝေန။မြောက်အဖြစ်ဖြင့်။နိဗ္ဗတ္တိ။ဖြစ်လေ၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကားရာဇဂြိုဟ်ပြည်နှိုက် ဝဿကာရ အမည်ရှိသောပုဏ္ဏားသည်။ တနေ့သနိှုက်။ ဂိဇ္ဈ ကုဋ်တောင်မှ သက်သောယှဉ်မဟာကစ္စည်း မထေရ်ကိုမြင်၍။ ဤရဟန်းသည်မြောက်ကဲ့သို့တကားဤသို့ဆို၏။မြတ်စွာဘုရား သည်။ထိုစကားကိုကြား၍။ဝဿကာရပုဏ္ဏားသည်၊ အကယ်၍ထိုကစ္စည်းမထေရ်ကိုကံတော့အံ့။ ဤသို့ကံ တော့ခြင်းသည် ကောင်း၏။ ထိုကစ္စည်းမထေရ်ကို အကယ်၍ မကံတော့ဘဲနေ ချေအံ့။ ဤဝေဠုဝန်နှိုက်ဂေါဏာဂိုဠမည်သောမြေခံညှိသည်ဖြစ် လတ္တံ့။ဤသို့မိန့်တော်မူ၏။ ထိုဝဿကာရပုဏ္ဏားသည်၊ ဘုရား

စကားကိုကြား၍။ ရဟန်းဂေါတမ၏ စကားသည် နှစ်ခွဖြစ်ဘူး
သော မည်သည်မရှိ။ နောက်နှိုက်ငါ၏မြောက်ဖြစ်သော ကာ
လနှိုက်။ ကြက်စားရာအရပ်သည်ဖြစ်လတ္တံ့။ ဤသို့ဝေဠုဝန်နှိုက်
အထူးထူးအပြားပြားရှိကုန်သော။ သစ်ပင်တို့ကိုစိုက်ပျိုးစေ၍။
အစောင့်အရှောက်ကိုထား၏။ နောက်အဘို့နှိုက်သော် မြော
မျိုးနှိုက်ဖြစ်လေ၏။ ဝဿကာရပုဏ္ဏားသည်။ ယှင်မဟာကစ္စည်း
ကိုမကံတော့သောအဝတ္ထုနစကား။ ။ဤသို့ကြဏ်းဂန်နှိုက်များ
စွာရှိသော်လည်း သိလောက်ရုံသာ ဘွင့်ပြသောစကားရပ်ဖြစ်
သည်။ ။ဤသည်လျှင်ပစ်မှားမိ၍။ ထိုင်လျက်ကံတော့သော။
ဥက္ကဋိုကဝတ္ထုအခဏ်းကားပြီး၏။

---

## ရပ်သွားလျက်ရှိခိုးသောဋ္ဌတဂမနဝတ္ထုနကား။

သိလက္ခံပါဠိတော်ဘဒ်းပေဂေချပ်နှိုက်။အဇာတသတ်မင်း
ကြီးသည်။မြတ်စွာဘုရား၏တရားတော်ကိုကြား၍။ အလွန်ဝမ်း
မြောက်သဖြင့်။ရှိခိုး၍သွားသည်မှာ။ ။အထခေါ်မဟာရာဇာ
မာဂဓောအဇာတသတ္တုဝေဒေဟိပုတ္တော။ ဘဂဝတောဘာသိ
တံ၊ အဘိနန္ဒိတွာအနုမောဒိတွာဥဋ္ဌာယာသနာဘဂဝန္တံ အဘိဝါ
ဒေတွာပဒက္ခိဏံကတွာပက္ကာမိ။ ။ဟုလာသည်။ယင်းပါဠိ
တော်၏အရကိုအဋ္ဌုပြန်ဆိုသော်။ ။အထခေါ၊ ထိုအခါနှိုက်။
မါဂဓေါ။မဂဓရာဇ်တိုင်းကိုအစိုးရသော။ဝေဒေဟိပုတ္တော။ဝေ
ဒေဟိမိဖုရား၏သားဖြစ်သော။အဇါတသတ္တု၊အဇါတသတ်အ
မည်ရှိသော။မဟာရာဇာ။မင်းကြီးသည်။ဘဂဝတော၊ မြတ်စွာ
ဘုရား၏။ဘာသိတံ၊ဟောတော်မူအပ်သောစကားတော်ကို။အ
ဘိနန္ဒိတွာ။အလွန်နှစ်သက်၍။အနုမောဒိတွာ၊ဝမ်းမြောက်၍။အာ
သနာ။နေရာမှ။ဥဋ္ဌါယ။ထ၍။ဘဂဝန္တံ။မြတ်စွာဘုရားကို။အဘိဝါ
ဒေတွာ။ရှိခိုး၍။ ပဒက္ခိဏံ။ လကျာရစ်လှည့်သည်ကို။ ကတွာ၊
ပြု၍။ ပက္ကာမိ။ဘဝါးစက်လှမ်း၊ဖြန့်ဖြန်းလေ၏။ ။ဤကားအ

နက်။ ။အဓိပ္ပာယ်ကား။ထိုအခါနှိုက်။မဂဓရာဇ်တိုင်းကိုအစိုးရ
သော။ဝေဒေဟီမိဖုရား၏သားဖြစ်သောအဇာတသတ်မင်းကြီး
သည်။မြတ်စွာဘုရားဟောတော်မူသောစကားတော်ကို။အလွန်
နှစ်သက်ဝမ်းမြောက်သဖြင့်။နေရာမှထ၍။မြတ်စွာဘုရားကိုရှိခိုး
၍။လက်ျာရစ်လှည့်၍။ဖဲသွားသောဝန္ဒနစကား။ ။၎င်းအဋ္ဌက
ထာ။ဝင်းပေသောချပ်နှိုက်လည်း။ ။ပဒက္ခိဏံကတွာပက္ကာမိ
တိ။ တိက္ခတ္တုံ ပဒက္ခိဏံကတွာ။ ဒသနခသမောဓာနသ မုဇ္ဇလံ
အဉ္ဇလိံ သိရသိပတိဋ္ဌာပေတွာယာဝဒဿနဝိသယံဘဂဝတော။
အဘိမုခေါဝ ပဋိက္ကမိတွာဒဿနဝိဇဟနဋ္ဌာနံဘူမိယံပဉ္စပတိဋ္ဌိ
တေနဝန္ဒိတွာပက္ကာမိ။ ။ဟုဖွင့်ပြတော်မူသည်။ယင်းအဋ္ဌက
ထာ၏အရကိုအတ္ထုပြန်ဆိုသော်။ ။ပဒက္ခိဏံကတွာပက္ကာမိ
တိ။ပက္ကာမိဟူသည်ကား။တိက္ခတ္တုံ။သုံးကြိမ်။ပဒက္ခိဏံ။လက်ျာ
ရစ်လှည့်သည်ကို၊ကတွာ။ပြု၍။ ဒသနခသမောဓာနသမုဇ္ဇလံ။
ဆယ်ချောင်း သောလက်သည်း အပေါင်း တို့၏ အရောင်ဖြင့်
တောက်ပသော။အဉ္ဇလိံ။လက်အုပ်ကို။ သိရသိ၊ သိရသ္မိံ။ ဦး
ခေါင်းနှိုက်။ပတိဋ္ဌာပေတွာ၊ထား၍။ဘဂဝတော။မြတ်စွာဘုရား
၏။ ယာဝဒဿနဝိသယံ။ မြင်ကောင်းသော အရပ်တိုင်အောင်။
ဘဂဝတော။မြတ်စွာဘုရားသို့။ အဘိမုခေါဝ။ ရှေးရှုသာလျှင်။
ပဋိက္ကမိတွာ။နောက်ဆုပ်သွား၍။ဒဿနဝိဇဟနဋ္ဌာနံ။ ဘုရားမြင်
ရာအရပ်ကိုစွန့်ရာဖြစ်သော။ဘူမိယံ။ မြေနှိုက်။ ပဉ္စပတိဋ္ဌိတေန။
ငါးပါးသောတည်ခြင်းဖြင့်။ဝန္ဒိတွာ၊ရှိခိုး၍။ပက္ကာမိ။ ဖဝါးစက်
လှမ်း၊ဖြန့်မြန်းလေ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။
၎င်းအဋ္ဌကထာနှိုက်။ သုံးကြိမ်ဘုရားကိုတော်မြတ်ကို။ လက်ျာ
ရစ်လှည့်သည်ကိုပြု၍။ဆယ်ချောင်းသောလက်သည်းအပေါင်း
တို့၏ အရောင်ဖြင့်တောက်ပသော လက်အုပ်ကို၊ဦးခေါင်းနှိုက်
ထား၍။ ဘုရား မြင်ကောင်းပသော အရပ် တိုင်အောင်။ မြတ်စွာ
ဘုရားအား၊ ရှေးရှုသာလျှင်။ နောက်ဆုပ်သွား၍။ ဘုရားမြင်ရာ
အရပ်ကို၊ စွန့်ရာအရပ်ဟုဆိုအပ်သော မြေနှိုက်၊ ငါးပါး သော

တည်ခြင်းဖြင့်ရှိခိုး၍ဘဲလေ၏။ ဟူသောဝတ္ထုစကား။ ။သာ
ရဏ္ဍသင်္ဂဟာဝိဿေပဂုချပ်နိုက်။ နာဋကမထေရ်သည်။ မောနေ
ယျအကျင့်ကို ဥက္ကဋ္ဌကျင့်၍။ အါယုသင်္ခါရခုနှစ်လနိုက်စွန့်လွှတ်
ရမည်အကြောင်းကိုသိ၍။ ဘုရားကိုရှိခိုးသေါအရာမှာ။ ။တဒ္ဒါ
သတ္တမာသေဟ္မတွာ အတ္တနော အာယုသင်္ခါရာနံ ပရိက္ခယံ ညတွာ
နဟာယိတွာ နိဝါသေတွာ ကါယဗန္ဓနံ ဗန္ဓိတွာ ဒိဂုဏံ သံဃာဋိံ ပါ
ရုပိတွာ ဒသဗလာဘိမုခေါ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ။ အဉ္ဇလိံ ပဂ္ဂ
ဟေတွာ သုဝဏ္ဏပဗ္ဗတံ ဋ္ဌိတကော ဝ အနုပါဒိသေသါယ နိဗ္ဗာနဓါ
တုယာ ပရိနိဗ္ဗာယိ။ ။ဟာဘွင့်ပြတော်မူသည်။ ယင်းအရကို
အဏ္ဍုပြန်ဆိုသော်။ ။တဒ္ဒါ။ ထိုကြောင့်။ သတ္တမါသေ။ ခုနှစ်လ
ပတ်လုံး။ ဟုတွာ။ ဂာည်၍။ အတ္တနော။ ကိုယ်တော်၏။ အါယုသင်္ခါရာ
နံ။ အာယုသင်္ခါရတို့၏။ ပရိက္ခယံ။ ကုန်ခြင်းကို။ ညတွာ။ သိ၍။ နဟာ
ယိတွာ။ ရေချိုး၍။ နိဝါသေတွာ။ သင်းပိုင်ကိုဝတ်၍။ ကာယဗန္ဓနံ။
ခါးပန်းကို။ ဗန္ဓိတွာ။ ဘွဲ့၍။ ဒိဂုဏံ။ နှစ်ထပ်သော။ သံဃာဋိံ။ ဒုးကုဋ်
ကို။ ပါရုပိတွာ။ ရုံ၍။ ဒသဗလာဘိမုခေါ။ အဘုးတော်ဆယ်ပါးနှင့်
ပြည့်စုံတော်မူသော။ မြတ်စွာဘုရားသို့ရှေ့ရှု။ ပဉ္စပတိဋ္ဌိတေန။
ငါးပါးသေါတည်ခြင်းဖြင့်။ ဝန္ဒိတွာ။ ရှိခိုး၍။ အဉ္ဇလိံ။ လက်အုပ်ကို။
ပဂ္ဂဟေတွာ။ ချီ၍။ သုဝဏ္ဏပဗ္ဗတံ။ ရွှေတောင်ကို။ နိဿာယ။ မှီ၍။
ဋ္ဌိတကောဝ။ ရပ်တော်မူလျက်သာလျှင်။ အနုပါဒိသေသာယ။
ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ။ နိဗ္ဗာနဓာတ်ဖြင့်။
ပရိနိဗ္ဗာယိ။ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ။ဤကားအနက်။ ။အဓိ
ပ္ပါယ်ကား။ မောနေယျကျင့်သော။ နာဋကမထေရ်သည်။ ခွန်
နှစ်လပတ်လုံးတည်၍။ ကိုယ်တော်၏အာယုသင်္ခါရကုန်ခြင်းကို
သိ၍။ ရေချိုးပြီးလျှင်။ သင်းပိုင်ကိုဝတ်၍။ ခါးပန်းကိုဘွဲ့၍။ နှစ်ထပ်
သေါဒုးကုဋ်သင်္ကန်းကိုရုံ၍။ မြတ်စွာဘုရားသို့ရှေ့ရှု။ ငါးပါးသေါ
တည်ခြင်းဖြင့်ရှိခိုး၍။ လက်အုပ်ချီ၍ရပ်လျက်။ ရွှေတောင်ကိုမှီ၍။
အနုပါဒိသေသ နိဗ္ဗာန်ပြုသော ဝတ္ထုကိုပြသောစကား။ ။ထေ
လျက်ရှိခိုးသော။ ပဉ္စပတိဋ္ဌိတရပ်မှာ။ ရှေးကပြကဲ့သည့်နည်း

အတိုင်း။ ။ဓာတုအန္တရဓာနဟု ဆိုအပ်သော၊ ဓာတ်တော်ကွယ်ပြောက်သောအခါနိုက်။ နတ်တို့ရှိခိုးပူဇော်ကံတော့သည်မှာ။သာရတ္ထသင်္ဂဟာဝင်းပေခါချုပ်နိုက်။ ။တဒါသမ္ဗပတိတာ။ ဓေဝ သံဃာဓုဒ္ဓါနံ ပရိနိဗ္ဗုတဒိဝသေဝိယ ဒိဗ္ဗဂန္ဓမာလာ တူရိယာဒိဟိ။သက္ကာရံကရိတွါတိက္ခတ္တုံပဒက္ခိဏံ ကတွါအနါဂတေဥပ္ပဇ္ဇနက ဗုဒ္ဓံပဿိတုံလဘိဿာမ ဘဂဝါတိဝတွာသကာသကဋ္ဌာနမေဝဂစ္ဆန္တိ။ ။ဟုဘွင့်ပြကော်မူသည်။ယင်းအရကိုအဋ္ဌပြန်ဆိုသော်။ ။တဒါ။ထိုအခါနိုက်။သမ္ဗပတိတာ။စည်းဝေးကုန်သော။ဓေဝသံဃာ။ နတ်အပေါင်းတို့သည်။ဗုဒ္ဓါနံ၊ ဘုရားတို့၏။ပရိနိဗ္ဗုတ ဒိဝသေဝိယ။ ပရိနိဗ္ဗာန်ပြုသောနေ့ကဲ့သို့။ ဒိဗ္ဗဂန္ဓမာလာတူရိယာဒိဟိ။ နတ်နှိက်ဖြစ်သော နံ့သာပန်းတူရိယာအစရှိသည်တို့ဖြင့်။သက္ကာရံ။ပူဇော်သကါကို။ကရိတွာ၊ပြု၍။တိက္ခတ္တုံ။သုံးကြိမ်။ ပဒက္ခိဏံ။ လက်ျာရစ် လှည့်သည်ကို။ ကတွာ။ ပြု၍။ဝန္ဒိတွာ။ရှိခိုး၍။ ဘဂဝါ။ ရွှေဘုန်းတော်ယှဉ်သခင်ဘုရား။မယ်။အကျွန်ုပ်တို့သည်။ အနာဂတေ။နောင်အခါနိုက်။ ဥပ္ပဇ္ဇနကဗုဒ္ဓံ။ပွင့်တော်မူ လတ္တံ့သော ဘုရားသျှင်ကို။ ပဿိတုံ။ ဘူးမြင်ခြင်းငှာ။ လဘိဿါမ။ရလိုကုန်၏။ဣတိ။ဤသို့၊ဝတွာ။ဆို၍။သကာသကဋ္ဌာနမေဝ။မိမိတို့၏နေရာစခန်းဘုံနန်းအရပ်သို့သာလျှင်။ဂစ္ဆန္တိ။သွားကြကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ထိုအခါနိုက်စည်းဝေးကုန်သော နတ်အပေါင်းတို့သည်ဘုရားတို့၏ပရိနိဗ္ဗာန်ပြုသောနေ့ကဲ့သို့။ နတ်နှိက်ဖြစ်သော ။ပန်းနံ့သာတူရိယာအစရှိသည်တို့ဖြင့်။ ပူဇော်သကာကိုပြု၍။ သုံးကြိမ်လက်ျာ ရစ်လှည့်သည်ကိုပြု၍။ရှိခိုး၍။ရွှေဘုန်းတော်ယှဉ်သခင်ဘုရား။အကျွန်ုပ်တို့သည်။ နောင်အခါနိုက်။ ပွင့်တော်မူလတ္တံ့သောဘုရားကို။ ဘူးမြင်ခြင်းငှာ ရလိုကုန်၏၊ ဤသို့ဆို၍ မိမိဘုံနန်းစခန်းရှိရာအရပ်သို့သွားကြကုန်၏ဟူသောဝဏ္ဏနစကား။ ။ပါရာဇိကဲ ပါဠိတော်ငင်းပေခံချုပ်နိုက်။ဝေရဉ္ဇပုဏ္ဏားဘုရားကိုရှိခိုးသောနည်းမှာ။ ။ရှာဒါနိပိညာတဗုဒ္ဓဂုဏောကာယေနဝါစာယမနသါစအနေကက္ခတ္တုံ

ဝဍ္ဎေန္တော်ပြီ။အတိတ္တော ယေဝ ဟုကွာ ဒသနခ သမောဓာနသမုဇ္ဇလံအဉ္ဇလိံ ပဂ္ဂယှ သိရသ္မိံ ပတိဋ္ဌာပေတွာယာဝဒသနဝိသယာတာဝပဋိမုခေါယေဝအပက္ကမေတွာ။ဒသနဝိသယံဝိဇဟနဋ္ဌာနေဝန္ဒိတွာပက္ကာမိ။ ။ဟာဘုင့်မိန့်တော်မူသည်။ယင်းပါဠိတော်၏အရကိုအထူပြန်ဆိုသော်။ ။ဣဓဒါနိ။ယခုအခါနှိက်။ဝိညာဝါးဗုဒ္ဓဂုဏော။ ကိုယ်တော်မြတ်၏ဂုဏ်တော်ကျေးဇူးတော်အပုံပုံ။အလုံးစုံကို။ အာရုံစွဲမှီး။သိမြင်ပြီးရကား။ ကာယေနစ။ကာယဝိညာတ်ဟုဆိုအပ်သောကာယဒွါရဖြင့်လည်းကောင်း။ဝါစာယစ။ဝစီဝိညာတ်ဟုဆိုအပ်သောဝစီဒွါရဖြင့်လည်းကောင်း။မနသာစ။ကာမာဝစရကုသိုလ်ဇောစိတ်ဂဏဟုဆိုအပ်သောမနောဒွါရဖြင့်လည်းကောင်း။အနေကက္ခတ္တုံ။ အကြိမ်များစွာ။ဝန္ဒိတွာပိ။ဆယ်စုံယှက်တွား။ ရှိခိုးရညားသော်လည်း။ အတိတ္တောယေဝ။သဒ္ဒါလွန်ကဲ။မရောင့်ရဲနိုင်သည်သာလျှင်။ဟုတွာ။ဖြစ်၍။ဒသနခသမောဓာနသမုဇ္ဇလံ။ဆယ်စုံပေါင်းယှက်။တလက်လက်။လက်သည်းရောင်တို့ဖြင့်။ တပြောင်ပြောင် တော့ံပသော။ အဉ္ဇလိံ။လက်အုပ်ကို။ပဂ္ဂယှ။ သဒ္ဒါကဲလှုံ။အာရုံမြဲတည်။မြှော့ံချီ၍။ သိရသ္မိံ။ ဦးခေါင်းနှိက်။ ပတိဋ္ဌာပေတွာ။ ရိုသေညွတ်တွား။တင်ကာထား၍။ယာဝ။အကြင်မျှလော့ံ။ဒသနဝိသယာ။ကောင်းစွာကြည်လင်။ ဘုရားမြင်ရာ အရပ်သည်။ အတ္ထိ။ရှိ၏။တာဝ။ ထိုမျှလော့ံ။ပဋိမုခေါယေဝ။ မျက်နှာရှေ့ထားနော့ံဆုတ်သွား၍ သာလျှင်။အပက္ကမေတွာ။ဘယ်ညာစောင့်ငဲ့။မဘဲ့မသွားမူ၍။ဒသနဝိသယံ။ကောင်းစွာကြည်လင်။ဘုရားမြင်ရာအရပ်ကို။ဝိဇဟနဋ္ဌာနေ။ စွန့်ရာအရပ်တိုင်အောင်။ ဝန္ဒိတွာ။ရှိခိုး၍။ပက္ကာမိ။ မျက်နှာနော့ံထားလှည့်သွားကဲ့လေ၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ ယခုအခါနှိက်။ကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်အပုံပုံ။အလုံးစုံကို။ အာရုံစွဲမှီး။သိပြီးရကား။ ကာယဒွါရဖြင့်ရင်း။ဝစီဒွါရဖြင့်ရင်း။မနောဒွါရဖြင့်ရင်း။အကြိမ်များစွာရှိခိုးရညားသော်လည်း။ သဒ္ဒါလွန်ကဲ။ မရောင့်ရဲနိုင်သည်သာလျှင်

ဖြစ်၍။ဆယ်ဂုသောလက်သည်းရောင်တို့ဖြင့်။ တပြောင်ပြောင်
တောံပသော။ လက်အုပ်ကိုမြှောံခါချီ၍။ဦးခေါင်းနှိုက်၊ ရှိသေ
သောအားတင်ကာထား၍။ အကြင်မျှလောံ။ ကောင်းစွာကြည်
လင်။ဘုရားမြင်ရာအရပ်သည်ရှိ၏။ထိုမျှလောံ၊ မျက်နှာရှေ့ထား၊
နောံဆုတ်သွား၍သာလျှင်။ ဘယ်ညာစောင်းငဲ့။ မဘဲ့မသွားမူ၍။
ကောင်းစွာကြည်လင်။ ဘုရားမြင်ရာအရပ်မှ။ စွန့်ရာအရပ်တိုင်
အောင်။ရှိခိုး၍။မျက်နှာနေခံထား။ လှည့်သွားလေ၏ဟူသောဝေ
ရဋ္ဌပုဏ္ဏားရှိခိုးသောဝဏ္ဏနစကား။ ။တစ်နည်းကား။ဌိတဝဏ္ဏန
မှာ။ပါဠိတ်ပါဋ္ဌိတော်နှိုက်။ ပညတ်တော်မူအပ်သော။ ဘိက္ခု၊နိ
ရဟန်းမိန်းမတို့၏။ဂရုဓမ်တရားတို့တွင်။ပဌမဂရုဓမ်နှိုက်။ပဉ္စင်း
ဖြစ်သည်နေ့မှစ၍။ အနှစ်တရာရှိသော ရဟန်းမိန်းမကြီးသည်။
တဒဟုပသမ္ပန္န ဟူသော။ ထိုနေ့ပဉ္စင်း ဖြစ်သော ရဟန်းငယ်
ယောကျာ်းအား။ အဘိဝါဒနဟုဆိုအပ်သော ရှိခိုးခြင်းကိုလည်း
ကောင်း။ပစ္စုပဋ္ဌာနဟုဆိုအပ်သော။ခရီးဦးကြိုဆိုခြင်းကိုလည်း
ကောင်း။အဉ္ဇလိကမ္မဟုဆိုအပ်သောလက်အုပ်ချီခြင်းကို လည်း
ကောင်း။ သာမိစိကမ္မဟု ဆိုအပ်သော။ အရိုအသေ ပြုခြင်းကို
လည်းကောင်း။ရဟန်းယောကျာ်းတို့နှင့်တွေ့သောအခါ။ပြုအပ်
၏ဟု။ ပညတ်တော်မူသည်မှာ။ ရွာတွင်းနှိုက် တွေ့သော်၎င်း။
ရွာမှာအစရှိသည်တို့နှိုက်တွေ့သော်၎င်း။ မိုဃ်းရွာ၍ ရွှံ့ညွန်နှင့်တ
ကွ။မြေနှိုက်မသန့်ရှင်း၍၎င်း။ လက်နှိုက်ထီးဘိနပ်ရှိသော်၎င်း။
ဆင်မြင်းအစရှိသည်တို့သည်။ အစဉ်လိုက်ကျန်သော်၎င်း။ တွေ့
ကဲ့သော် ရပ်လျက်ပင်။ ကိုင်းညွတ်၍ ရှိခိုးခြင်း ပြုအပ်ကြောင်း
ကို။တေရသကဏ်ဍိုကာဝင်းပေဆံချပ်နှိုက်။ ။အဂန္တာဂါမေ
ဝါတိအာဒိသု ယတ္ထပဉ္စအင်္ဂါနိဘုမ္မိယံပတိဋ္ဌာပေတွာ ဝန္ဒိတုံန
သက္ကာဟောတိ။ တတ္ထဌိတာယဝေကာယံပုရတောနာမေတွာ
ဝန္ဒာမိအယျေတိအဉ္ဇလိပဂ္ဂယှဂန္တုံပိဝန္ဒတိ။ ။ဟုဘွင့်ပြတော်
မူသည်။ယင်းဋီကာ၏အရကိုအတ္ထပြန်ဆိုသော်။ ။အဂန္တာဂါ
မေဝါတိအာဒိသု။ အဂန္တာဂါမေဝါ။ ဤသို့အစရှိသည်တို့တွင်။

ယတ္ထ။အကြင်တစ်ခုခုသောအရပ်နိုက်။ပဉ္စအင်္ဂါနိ။ငါးပါးသောအင်္ဂါတို့ကို။ဘုမ္မိယံ။ မြေနိုက်။ပတိဋ္ဌာပေတွာ။ တည့်စေ၍။ဝန္ဒိတုံ။ ရိုသေ မြတ်နိုး။ ရှိခိုးခြင်းငှါ။ နသက္ကာ။ မြေနိုက် တုံ့ဝတ်။မတတ်နိုင်သည်။ ဟောတိ။ အကယ်စင်စစ် ဖြစ်အံ့။တတ္ထ။ ထိုတွေ့ရာအရပ်နိုက်။ဌိတာယဧဝ။ရပ်လျက်တည်သဖြင့်သာလျှင်။ကာယံ။ ကိုယ်ကို။ ပုရတော။ရှေ့သို့။ နာမေတွာ။ ညွှတ်စေ၍။အယျေ။အယျှင်တို့ကို။ဝန္ဒာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏။ဣတိ။ ဤသို့။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ။ချီ၍။ဂန္တုံပိ။ သွားခြင်းငှါလည်း။ဝဋ္ဋတိ။အပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ရှာတွင်းအစရှိသည်တို့တွင်။အကြင်တစ်ခုခုအရပ်နိုက်။ ငါးပါးသောအင်္ဂါတို့ကို။မြေနိုက်တည်စေ၍။ရိုသေမြတ်နိုး။ ရှိခိုးခြင်းငှါ။မြေ၌တုံ့ဝတ်၍။မတတ်နိုင်သည်ဖြစ်အံ့။ ထိုတွေ့သောအရပ်နိုက်။ရပ်လျက်တည်သဖြင့်သာလျှင်။ ကိုယ်ကိုရှေ့သို့ညွှတ်စေ၍။အယျှင်တို့ကိုရှိခိုးပါ၏ဟုဆိုသောဘိက္ခု။နိဝန္ဒနစကား။ ။ပဉ္စအင်္ဂါနိဘုမ္မိယံပတိဋ္ဌာပေတွာစသည်ဖြင့်။ဘွင့်ပြတော်မူသောတေရသကဏ္ဍဋီကာဆရာ၏အလိုကား။ ငါးပါးသောအင်္ဂါတို့ကို မြေနိုက်တည်စေ၍ရှိခိုးမှ၊ ပဉ္စပတိဋ္ဌိတဖြစ်သည်ဟု ယူရန်ရှိသည်။ထိုင်လျက်ရှိခိုးလျှင်လည်း။ ၎င်းဆရာတော်တို့၏ အလိုအားဖြင့်။ ပဉ္စအင်္ဂါနိဘုမ္မိယံ ပတိဋ္ဌာပေတွာဟု ဘွင့်ပြ သောကြောင့်။ ပဉ္စပတိဋ္ဌိတမဖြစ်။ ခြေနှစ်ဘက်သာမြေနိုက်တည့်၍။ဒွိပတိဋ္ဌိတသာဖြစ်ရာသည်။ ထလျက်ကိုယ်ကိုညွှတ်၍ ရှိခိုးပြန်လျှင်လည်း။ ပဉ္စပတိဋ္ဌိတမဟုတ်။ မြေနိုက်လက်အစရှိသည် မတည့်သောကြောင့်။ဒွိပတိဋ္ဌိတသာဖြစ်ရာသည်။ ပဉ္စပတိဋ္ဌိတမှာ။ဘုမ္မိယံပဉ္စပတိဋ္ဌိတေနဟုအဘွင့်ကိုထောက်၍။မြေနိုက်တည်ခြင်းကိုသာ အလိုရှိသည်။ ထည့်ခြင်းကို အလိုမရှိဟု သဘောယူတော်မူသည်။ပဉ္စပတိဋ္ဌိတအရကို။အချို့ယူသည်မှာ။ ။ခြေဘဝါးနှစ်ဘက်လည်းတစ်ပါး။ပုဆစ်ဒူးဝန်းနှစ်ဘက်လည်းတစ်ပါး။တတောင်နှစ်ဘက်လည်းတစ်ပါး။လက်ဝါးပြင်နှစ်ဘက်လည်း

တစ်ပါး။ဦးခေါင်းလည်းတစ်ပါး။ဤငါးပါးတည်း။ၑင်းငါးပါးတို့
ကို။ ဝိနယ လက်ာရ ဋီကာ ဆရာတော်ကား။ပါဠိအဋ္ဌကထာဋီ
ကာတို့နိုက်မတွေ့စဖူးဟုမှာထားတော်မူသည်။ ။ဗ္ဗတုဒွေ
ပါဒတလာနိဗ္ကေ်ကတွာ။တထာဒွေဇာနုမဏ္ဍလာနိဗ္ကေ်။ဒွေကပ္ပ
ရာနိဗ္ကေ်။ဒွေဟတ္ထတလာနိဗ္ကေ်။သီသံဗ္ကေ်ကတွာ။ပဉ္စပတိဋ္ဌိတ
သရူပံ ကထေန္တိ။ သေနယောပါဠိယံ အဋ္ဌကထာ ဋီကာသုန
ဒိဿတေ။ ။ၑင်းဋီကာ ဋ္ဌီးပေဝါချပ်နိုက်ဘွင့်ပြတော်မူသည်။ယင်းဋီ
ကာ၏အရကိုအထ္ထပြန်ဆိုသော်။ ။ဗ္ဗတုဗ္ဗပန။ ဤအရာ
နိုက်ကား။ဒွေ။ နှစ်ဘက်ကျန်သော။ ပါဒတလာနိ။ ခြေဘဝါးအ
ပြင်တို့ကို။ဗ္ကေ်။တစ်ချကို။ကတွာ။ပြု၍။တထာ။ထိုအတူ။ဒွေ။နှစ်
ဘက်ကျန်သော။ဇာနုမဏ္ဍလာနိ။ပုဆစ်အဝန်းတို့ကို။ဗ္ကေ်။တစ်
ချကို။ကတွါ။ပြု၍။ဒွေ။နှစ်ဘက်ကျန်သေါ။ကပ္ပရာနိ။တတော်င်တို့
ကို။ဗ္ကေ်ကတွာ။တစ်ချပြု၍။ဒွေ။နှစ်ဘက်ကျန်သေါ။ဟတ္ထတလါ
နိ။လက်ဝါးအပြင်တို့ကို။ဗ္ကေ်၊တစ်ချကို။ကတွာ။ပြု၍။ သီသံ။ဦး
ခေါင်းကို။ဗ္ကေ်ကတွာ။ တစ်ချကိုပြု၍။ပဉ္စပတိဋ္ဌိတသရူပံ။ ပဉ္စပ
တိဋ္ဌိတသရုပ်ကို။ကထေန္တိ။ ဆိုကြကုန်၏။သေဗ္ဗသော။ဤသို့သ
ဘောရှိသေါ။နယေါ။နည်းကို။ပါဠိယံ။ပါဠိတော်နိုက်။အဋ္ဌကထါ
ဋီကါသု။အဋ္ဌကထါဋီကါတို့နိုက်။နဒိဿတေ။မမြင်စဘူး။ဝါ။မတွေ့
စဘူး။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ဤအရာနိုက်။နှစ်ဘက်
ကျန်သောခြေဘဝါးအပြင်တို့ကို။ တစ်ချပြု၍။ ထို့အတူနှစ်ဘက်
ကျန်သော်ပုဆစ်အဝန်းတို့ကို၊ တစ်ချပြု၍၊ နှစ်ဘက်ကျန်သောတ
တောင်တို့ကို။တစ်ချပြု၍။နှစ်ဘက်ကျန်သောလက်ဝါးပြင်တို့ကို
တစ်ချပြု၍။ဦးခေါင်းကိုတစ်ချပြု၍။ပဉ္စပတိဋ္ဌိတသရုပ်ကိုဆိုကုန်
၏။ဤသို့သော်နည်းကို။ ပါဠိတော်အဋ္ဌကထာဋီကာတို့နိုက်။ မ
မြင်မတွေ့စဘူးဟုမိန့်မှာတော်မူ၏။ ။တစ်နည်းလည်းၑင်းဝိနယ
လက်ာရဋီကာ ဋ္ဌီးပေဝါချပ်နိုက်။ ။သမိပံဂန္တွာပါဒါနိပဝန္တနာဘ
လေပနဗ္ကေဒွေပဌမံအဏ္ဍနော့သီသံဟဏ္ဍေနပရာမသိတွာ ေတ
နဟတ္ထဒွယေနတောရာန်ဇာနုမဏ္ဍလံဝိဝရသဥပရိယေဝသမ္ဘာ

ဟန္တိ။ ဧကစ္စေပဉ္စမံထေရာနံဇာနုမဏ္ဍလံ သစိဝရံယေဝပရာမ
သိတွာ တေနဝဟတ္ထဒွယေန အတ္တနော သီသံပရာမသန္တိ။ ဧ
ကစ္စေသုပန မတ္တ မေဝ ကရောန္တိ။ သေပိ နယောန ကိံ သိဗ္ဗိ
ဒ္ဓိဿ။ ။ဟာဝန္တနဝါဒတပါးကိုဘွင့်ပြတော်မူသည်။ယင်းဋီကာ
၏အရကိုအတ္တပြန်ဆိုသော်။ ။သမိပံ။အနီးသို့။ ဂစ္ဆာ။သွား၍။
ပါဒါနိ။ ခြေတို့ကို။ ဝန္ဒနကာလေပန။ ရှိခိုးသောအခါ၌ကား။ ဧ
ကစ္စေ။အချို့ကုန်သော်ရဟန်းတို့သည်။ပဉ္စမံ။ရှေးဦးစွါ။အတ္တနော။
မိမိ၏။ သီသံ။ဦးခေါင်းကို။ ဟတ္ထေန။ လက်ဖြင့်။ ပရာမသိတွာ။
သုံးသပ်၍။တေနဟတ္ထဒွယေန။ ထိုသုံးသတ်သောလက်နှစ်ဘက်
ဖြင့်သာလျှင်။ထေရာနံ။မထေရ်တို့၏။ ဇာနုမဏ္ဍလံ။ပုဆစ်အဝန်း
ကို။စိဝရဿ။သင်္ကန်း၏။ ဥပရိယေဝ။အထက်၌သာလျှင်။သမ္ဗာ
ဟန္တိ။ သုံးသပ်ဆုပ်နယ်ကုန်၏။ ဧကစ္စေ။အချို့ကုန်သောရဟန်း
တို့သည်။ပဉ္စမံ။ ရှေးဦးစွာ။ထေရာနံ။မထေရ်တို့၏။ ဇာနုမဏ္ဍ
လံ။ပုဆစ်အဝန်းကို။သစိဝရံယေဝ။သင်္ကန်းနှင့်တကွသာလျှင်။ပ
ရာမသိတွာ။ သုံးသပ်၍။ တေနေဝဟတ္ထဒွယေန။ထိုသို့သုံးသတ်
သော လက်နှစ်ဘက်ဖြင့်သာလျှင်။ အတ္တနော။ မိမိ၏။သီသံ။ဦး
ခေါင်းကို။ပရာမသန္တိ။သုံးသပ်ကုန်၏။ဧကစ္စေ။ အချို့ကုန်သော
ရဟန်းတို့သည်။ သုပန မတ္တမေဝ။ တို့ကာမျှကို သာလျှင်။ က
ရောန္တိ။ပြုကုန်၏။သေပိနယော။ဤနည်းကိုလည်း။ကိံ သိဗ္ဗိ။ကုက်
စုံတစ်ချသော အဋ္ဌကထာဋီကာတို့နိုက်။ နဒိဋ္ဌော။ မမြင်စဘူး။
ဝါ။မတွေ့စဘူး။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။အနီးသို့
သွား၍။ ခြေတို့ကိုရှိခိုးသောအခါနိုက်ကား။ အချို့ကုန်သော ရ
ဟန်းတို့သည်။ ရှေးဦးစွာမိမိ၏ဦးခေါင်းကို။ လက်ဖြင့်သုံးသပ်
၍။ထိုသုံးသပ်သောလက်နှစ်ဘက်ဖြင့်သာလျှင်။ မထေရ်တို့၏ပု
ဆစ်အဝန်းကို။ သင်္ကန်း၏ အထက်နိုက်သာလျှင်။ သုံးသပ်ဆုပ်
နယ်ကုန်၏။ အချို့သောရဟန်းတို့သည်။ ရှေးဦးစွာမထေရ်တို့
၏ပုဆစ်အဝန်းကို။သင်္ကန်းနှင့်တကွသာလျှင်။သုံးသပ်၍။ ထိုသုံး
သပ်သောလက်နှစ်ဘက်ဖြင့်သာလျှင်။ မိမိဦးခေါင်းကို။သုံးသပ်

ကျုန်၏။အချို့သောရဟန်းတို့သည်။ တို့ကာမျှကိုသာလျှင်ပြုကျုန်၏။ ဤနည်းကိုလည်း။ တစ်ပုံတစ်ရသော၊အဋ္ဌကထာဋီကာတို့နှိုက်မမြင်မတွေ့စဘူးဟုမှာတော်မူ၏။ ။တစ်နည်းကားရာမညဒေသဟုဆိုအပ်သော။ တလိုင်း ပြည်နှိုက်ကား။ ရဟန်းတို့သည်။ဤသို့အနီးသို့သွား၍။ ရှိုးသောအခါနှိုက်။ မထေရ်တို့၏ခြေဖျားကို။မမြင်ကျုန်သည်ရှိသော်လည်း။ရှာ၍သင်္ကန်းမှထုတ်၍။ခြေကိုသာလျှင်အဖန်တလဲလဲ။လက်ဖြင့်ဆုပ်နယ်၍။ဦးခေါင်းဖြင့်ပွတ်၍။ နမ်း၍။ မြင့်ရှည်စွာနေခြင်းချစ်ဘွယ်နှစ်သက်ဘွယ်ဖြစ်သော။ဥပဇ္ဈာယ်ကိုလည်းကောင်း။ဆရာကိုလည်းကောင်း။မြင်ကျုန်သကဲ့သို့ပြု၍။ ရှိုးကျုန်၏။ထိုသို့ပြုခြင်းသည်။ပရိဝါပါဠိတော်နှင့်၊ နှိုးနှောညီညွတ်သည်အဖြစ်ကိုလည်း။ဝိနယလင်္ကာရဋီကာ၌ပေရင်းအချပ်နှိုက်။ ။တံကိရိယံပရိဝါပါဠိယံ။ ဥဘောဟိပါဏိတလေဟိပါဒေသမ္ဗာဟနွာပေမဉ္စဂါရဝဉ္စကတွာပါဒါဝန္ဒိတဗ္ဗာတိ။အာဂတပါဠိယာသံသန္ဒတိဝိယဒိဿတိ။ ။ဟု၍လာသည်။ယင်း၏အရကိုအဋ္ဌပြန်ဆိုသော်။ ။တံကိရိယံ။ထိုသို့ပြုခြင်းသည်။ ပရိဝါပါဠိယံ၊ပရိဝါပါဠိတော်နှိုက်။ဥဘောဟိ။လ။ပါဒါဝန္ဒိတဗ္ဗာတိ။တဗ္ဗာဟု၍။အာဂတပါဠိယာ၊လာသောပါဠိတော်နှင့်။သံသန္ဒတိဝိယ။နှိုးနှောသကဲ့သို့။ဒိဿတိ။ထင်၏။ ။ဤ၌ကားအနက်။ ။အဓိပ္ပာယ်ကား။ လက်နှစ်ဘက်တို့ဖြင့်။ခြေကိုသုံးသပ်၍။ချစ်ခြင်းကို လည်းကောင်း ရိုသေ ခြင်း ကိုလည်းကောင်း ပြု၍။ ရှိုးအပ်ကျုန် သောကြောင့်။ ပရိဝါပါဠိတော်နှင့်လျော် ကြောင်းကို ဘွင့်ပြတော်မူသည်။ ။ဤကား ဝိနယလင်္ကာရ ဋီကာ ဆရာတော်၏ အလိုတည်း။ ။သီလက္ခန္ဓအဋ္ဌကထာနှိုက်။အဇာတသတ္တုမင်းကြီးသည်။ဘုရားကိုရှိုးသောအခရာဝယ်။ ။ဒသနခသမောဓာနဉ္စဘုမ္မိယံပဉ္စပတိဋ္ဌိတေန။ စသည်ဖြင့်၊ ဘွင့်ပြတော်မူသောစကားနှင့်။ ပဉ္စအင်္ဂါနိဘုမ္မိယံပတိဋ္ဌာပေတွာဟုသောတေရသကဏ်ဋီကာစကားသည်။သဘောတူအညီဘွင့်ကြ၍။မြေနှိုက်ရင်ငါးပါးတည်မှ။ ပဉ္စပတိဋ္ဌိတဟု။ယူ

ရန်ရှိသည်။ ။ထိုပဋ္ဌပတိဋ္ဌိတ၏ သရုပ်ကိုလည်း။ ။ပဋ္ဌပ
တိဋ္ဌိတေနာတိဗွိဇာလေ၊ ဗွိဟတ္ထ နလာ ဋတလေဟ်ပဋ္ဌပတိဋ္ဌိတံ
ဟုတွာ။ ။ဟူ၍ပဋိသမ္ဘိဒါမဂ်ဂဋ္ဌကထါ၊ ၁၂၂း ပေသိချပ်ကျော
ဘက်နှိက်လာသောပါဌ်ကိုထောက်ရှု၍။သိအပ်၏။ ဤပဋ္ဌပတိဋ္ဌိ
တကိုလည်း။ အဝေးကထိုင်လျက်ရှိခိုးသောအရာနှိက်သာမှတ်
ယူသင့်သည်။ ။ပဋ္ဌပတိဋ္ဌိတေနာတိ။ပဋ္ဌပတိ ဋ္ဌိတေနဟူသည်
ကား။ဗွိဇာလေ၊ဗွိဟတ္ထနလာဋ တလေဟိ။ ဒူးနှစ်ဘက်။ လက်နှစ်
ဘက်။နဖူးအပြင်တို့ဖြင့်။ ပဋ္ဌပတိဋ္ဌိတံ။ အင်္ဂါငါးပါးတို့ကို မြေ
နှိက်တည်စေအပ်သည်။ဟုတွာ။ဖြစ်၍။ ။ဤကားအနက်။ ။အ
ဓိပ္ပါယ်ကား။အဝေးမှထိုင်လျက်ရှိခိုးသောအရာနှိက်။ပဋ္ဌပတိဋ္ဌိ
တဟူသည်။ဒူးနှစ်ဘက်။လက်နှစ်ဘက်။နဖူး။ဤငါးပါးကုန်သော
အပြင်တို့ဖြင့်မြေနှိက်တည်၍ရှိခိုးရမည်ဟူသောအဓိပ္ပါယ်။ ။
ဥဋ္ဌာယာသနာဘဂဝန္တံ အဘိဝါဒေတွာ။ ဟူသောသီလက္ခံအဋ္ဌ
ကထာ။အဍ္ဍုလိံပဂ္ဂဟေတွာသုဝဏ္ဏပဗ္ဗတံဋ္ဌိတကောဝဟူသော
သာရတ္ထသင်္ဂဟာအဋ္ဌကထာ။ဒသနခသမောဓာနသမုဇ္ဇလံ အဍ္ဍ
လိံပဂ္ဂယှသိရသ္မိံပတိဋ္ဌာပေတွါ။ ယာဝဒဿနဝိသယါတါဝပဋိ
မုခေါ ယေဝအပက္ကမေတွာဟူသောပါရာဇိကကဏ် အဋ္ဌကထာ
စကားရပ်တို့ကိုရပ်လျက်ငင်း။သွားလျက်ငင်း။ ရှိခိုးသောအရာ
နှိက်မှတ်အပ်ကုန်၏။ ထိုရှိခိုးသော အရာတို့နှိက်၊ ပဋ္ဌပတိဋ္ဌိက
သရုပ်ကိုလည်း။ ။တတ္ထမ္ဘိတာယဝေကာယံပူရတောနာ
မေတွာ ဝန္ဒာမိအယျေတိအဍ္ဍုလိံပဂ္ဂယှဂန္တံ့ဗြိဝန္ဒိတိ။ ။ဟူ၍
ဘွင့်ပြအပ်သောဟေရသကဏ်ဋီကါပါဌ်နှင့်အညီ။ချစ်ခင်ခြင်း
တစ်ပါး။ရိုသေခြင်းတစ်ပါး။ ကိုယ်ကိုရှေ့မှညွှတ်ခြင်းတစ်ပါး။
လက်အုပ်ချီခြင်းတစ်ပါး။ ရှိခိုးပါ၏ဟု ဩျှာက်ကြားခြင်းတစ်
ပါး။ဤငါးပါးကိုမှတ်အပ်၏။ ။

တစ်နည်းရှင်သာရိပုတ္တရာသည်။ မြတ်စွာဘုရားသို့ကပ်၍။
ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည်။အကျွန်ုပ်အား။ ခွင့်ပြု
တော်မူလော။ကောင်းသောနိဗ္ဗာန်သို့ လားတော်မူတတ်သော

မြတ်စွာဘုရားသည်။ ခွင့်ပြုတော်မူပါလော။ အကျွန်ုပ်အား။ ပရိနိဗ္ဗာန်ပြုအံ့သောအခါတည်း။ အာယုသင်္ခါရကုန်းသည်။ လွတ်ပြီးသောအသက်ကုန်လေပြီ။ ဤသို့လျှောက်ငလသော်။ မြတ်စွာဘုရားသည်။ သာရိပုတ္တရာ။ အဘယ်အရပ်၌နိုက်။ ပရိနိဗ္ဗာန်ပြုမည်နည်း။ ဤသို့မေးတော်မူသော်။ အရှင်ဘုရား။ မဂဓရာဇ်တိုင်း။ နာလကရွာ၌နိုက်ဖွားသောတိုက်သည်ရှိ၏။ ထိုတိုက်၌နိုက်။ အကျွန်ုပ်သည်။ ပရိနိဗ္ဗာန်ပြုအံ့ဟု။ ဤသို့လျှောက်သည်ရှိသော်။ ယခုအခါ။ သာရိပုတ္တရာသင်သည်။ အကြင်ပရိနိဗ္ဗာန်ပြုအံ့သည်၏ အခါကိုသိ၏။ ယခုအခါကား။ သင်သာရိပုတ္တရာ၏ တပည့်ကြီးတို့အား။ သင်နှင့်တူသောရဟန်းတို့ကို။ မြင်ရခြင်းသည်။ ရခဲသည်ဖြစ်လတ္တံ့။ ထိုကြောင့်ထိုရဟန်းတို့အားတရားဟောဘိလော။ ဤသို့မိန့်တော်မူ၏။ ထိုအခါရှင်သာရိပုတ္တရာက။ မြတ်စွာဘုရားသည်ငါ၏တံခိုးဖန်ဆင်းအပ်သော။ မေတ္တာလျှင်ပြဓာန်းခြင်းရှိသောတရားဒေသနာကို။ တောင့်တ၏ဟုသိ၍။ ထန်းတစ်ဆင့် နှစ်ဆင့်စသည်ဖြင့်။ ခုနစ်ဆင့်တိုင်အောင်။ အထက်သို့ပြန်တက်၍ငင်း။ အောက်သို့ သက်ဆင်း၍ငင်း။ ရှိခိုးသော သာရိပုတ္တရာ၏ ဌီတဝဏ္ဏနကား။ ။သုတ်မဟာဝါအဋ္ဌကထာဝင်းပေယောဘ်ချပ်၌နိုက်။ ။ထေရော သတ္တာမယ္ယံ ဇာဒ္ဒိဝိကပ္ပနံပုပ္ပဂ်မံ ဓမ္မဒေသနံ ပစ္စာသိသာတီတိညတွာ ဘဂဝန္တံ ဝန္ဒိတွာ။ တာလပ္ပမာဏံ အဗ္ဘုဂ္ဂတွာ ပုနဩရူယှဘဂဝန္တံ ဝန္ဒိတွာ။ ယာဝသတ္တတာလပ္ပမာဏော အန္တလိက္ခေဌိတော ဇာဒ္ဒိဝိကပ္ပနံဒသေတွာ ဓမ္မံဒေသေသိသကလနဂရေသန္နိပတိထေရော ဩရူယှဘဂဝန္တံဝန္ဒိတွာ။ ဂမနကာလော မေ ဘန္တေတိ အာပ၁။ ဘဂဝါ ဓမ္မ သေနာပတိ ပဋိ ပါဒေသာမိတိ။ ဓမ္မာသနာဥဋ္ဌာယဂန္ဓကုဋိံအဘိမုခေါဂတ္တွာမဏိဖလကေအဋ္ဌာသိ။ ထေရောတိက္ခတ္တုံ ပဒက္ခိဏံကတွာ။ စတူသု ဌာနေသုဝန္ဒိတွာဘဂဝါဣတောသတသဟဿ ကပ္ပာဓိကာသာ အသင်္ချေယျာသာ။ ဥပရိ အနောမဒဿီသမ္မာသမ္ဗုဒ္ဓဿ။ ပါဒမူလေနိပတိတွာတုမှာ ကံဒဿနံပတ္ထေသိံ။ သာမေပတ္တနာ သ

မိန္တ္တါ။ ဒိဋ္ဌာတုမှေတံပဋ္ဌမံဒဿနံဉာဒံပစ္ဆိမဒဿနံ ဂုနတုမှာကံ
ဒဿနံနပ္ပဋိတိဝတ္တာဒသနခသမောဓါနသမုဇ္ဇလံအဉ္ဇလိံပဂ္ဂယှ။
ယာဝဒဿနဝိသယာတာဝအဘိမုခေါဝပဋိက္ကမိတွာဇာတော
ပဋ္ဌာယ စတိပဋိသန္ဓိ ဝသေန။ ကိံ သိဒ္ဓိဋ္ဌာနေ။ဂမနာဂမနံနာမ
နတ္ထီတိဝန္ဒိတွာပက္ကာမိ။ဥဒကပရိယန္တံကတွာမဟာဘူမိစာလော
အဟောသိ။ ။ဟူ၍လာသည်ယင်းအဋ္ဌကထာ၏အရကိုအတ္တ
ပြန်ဆိုသော်။ ။သတ္ထာ။ မြတ်စွာဘုရားသည်၊ မယံ။ငါ၏၊ ဉာဒိ
ပိကုပ္ပနံ။တံခိုးဖန်ဆင်း အပ်သော။ပုပ္ပဂ်မံ။ မေတ္တာလျှောင် ပြဋ္ဌာန်း
ခြင်းရှိသော။ ဓမ္မဒေသနံ။ တရားဒေသနာကို။ ပစ္စာ သိ သတိ။
တောင့်တ၏။ဉာတိ၊ ဤသို့။ထေရော၊အရှင်သာရိပုတ္တရာ မထေရ်
သည်။ညတွာ။သိ၍။ ဘဂဝန္တံ ။မြတ်စွာဘုရားကို။ဝန္ဒိတွာ။ရှိခိုး၍။
တာလပ္ပမာဏံ။ ထန်းအတိုင်းအရှည်ရှိသော ကောင်းကင်သို့။
အဗ္ဘုဂ္ဂန္တွာ။ပြန်တက်၍။ပုန၊ တဖန်။ဩရုယှ၊ မြေသို့သက်၍။ဘဂ
ဝန္တံ။မြတ်စွာဘုရားကို။ဝန္ဒိတွာ၊ရှိခိုး၍။ ယာဝ။အကြင်မျှလောက်၊
သတ္တတာလပ္ပမာဏော။ ထန်းခုနစ်ဆင့် အတိုင်းအရှည် ရှိသော။
အန္တလိက္ခေ။ကောင်းကင်နိုက်။ဌိတော။တည်လျက်။ဉာဒိပိကုပ္ပနံ။
တံခိုးဖန်ဆင်းခြင်းကို။ဒဿေတွာ။ပြဦး၍။ဓမ္မံ။တရားကို။ဒေသေ
သိ။ဟောပေ၏။သကလနဂရေ။အလုံးစုံသောမြို့နိုက်။သန္တပတိ။
စည်းဝေး၏။ထေရော။ရှင်သာရိပုတ္တရာမထေရ်သည်။ဩရုယှ။
မြေသို့သက်၍၊ ဘဂဝန္တံ။ဘုန်းတော်ချောက်စုံ။ ကျေးဇူးဂုဏ်နှင့်
ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။ ဝန္ဒိတွာ။ရှိခိုး၍။ဘန္တေ။
အရှင်ဘုရား။ မေ။ အကျွန်ုပ်၏။ ဂမနကာလော။ သွားအံ့သော
အခါတည်း။ ဉာတိ။ဤသို့။အာဟ။ လျှောက်၏။ ဓမ္မသေနာပတိ။
တရားစစ်သူကြီးဖြစ်သောသာရိပုတ္တရာသည်။ ပဋိပါဒေဿာ
မိတိ။ ပြီးစေအံ့ဟူ၍။ ဘဂဝါ။မြတ်စွာဘုရားသည်။ ဓမ္မသေနာ။
တပြေးနေရာမှ။ဥဋ္ဌာယ။ထတော်မူ၍ဂန္ဓကုဋိံ။ကြက်သရေတိုက်
သို့။အဘိမုခေါ။ရှေးရှူ။ဂန္တွာ။သွါးတော်မူ၍။မဏိဖလကေ။ပတ္တ
မြားစီသောပျဉ်နိုက်။အဋ္ဌာသိ။ ရပ်တော်မူ၏။ ထေရော။အရှင်

သာရိပုတ္တရာ မထေရ်သည်။ တိက္ခတ္တုံ သုံးကြိမ်။ ပဒက္ခိဏံ။ လက်ျာ ရစ်လှည့်သည်ကို။ကတွာ၊ပြု၍၊စတုသုဒ္ဒိသာနေသု။အရပ် လေးမျက်နှာတို့နှိုက်။ဝန္ဒိတွာ။ ရှိခိုး၍၊ဘဂဝါ။ ဘုန်းတော် ကြီးသော အရှင် ဘုရား။ ဇာတော။ ဤကမ္ဘာမှ။ သတ သဟဿ ကပ္ပာဓိကာသ ကမ္ဘာတသိန်းအလွန်ရှိသော။ အသင်္ချေယျာသ။ အသင်္ချေယျကပ်၏။ ဥပရိ။ အထက်နှိုက်။ အနောမဒဿိသမ္မာ သမ္ဗုဒ္ဓဿ။ အနောမဒဿီဘုရား၏။ပါဒမူလေ။ ခြေတော်ရင်း၌။နိပတိတွာ၊ ဝတ်၍။တုမှာကံ၊အသျှင်ဘုရားတို့၏။ဒဿနံ။ဘုရားမြင်ခြင်းကို။ပတ္ထေသိ။တောင့်တ၏။သာပတ္ထနာ။ ထိုသို့တောင့်တခြင်းသည်။သမိဒ္ဓါ။ပြီးပြီ။ဘုမေ့။အသျှင်ဘုရားတို့အား။ပဌမံ။ ရှေးဦးစွာ။တံဒဿနံ။ ထိုသို့ဘုရားမြင်ခြင်းကို။ဒိဋ္ဌံ။ မြင်ရပြီ။ဇာနံ ဒဿနံ။ဤယခုဘုရားမြင်ရခြင်းသည်။ပစ္ဆိမဒဿနံ။အဆုံးစွန်သော ဘုရားမြင်ရခြင်းတည်း။ပုန။တဖန်။တုမှာကံ။အသျှင်ဘုရားတို့အါး။ ဒဿနံ။ဘုရားမြင်ရခြင်းကိစ္စသည်။နတ္ထိ။မရှိ၊ဇာတိ၊ဤသို့။ဘဂဝန္တံ မေဝ။မြတ်စွာဘုရားကိုသါချင်း။ဧတံဝစနံ။ဤစကားကို။အဝေါစ၊လျှောက်ထား၏။ လောကနာထ။ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်သော။မဟာမုနိ၊မြတ်စွာဘုရား။ ဒါနိ ဇာဒါနိ၊ ယခုအခါနှိုက်။ အာယုသင်္ခါရာ၊အာယုသင်္ခါရသည်။ဆိန္နာ။ဖြတ်ခဲ့၏။ဂမိဿာမိ၊သွားအံ့။ဂမနာဂမနံ၊အလားအလာသည်။နတ္ထိ၊မရှိ။အယံဝန္ဒနာ။ ဤသို့ရှိခိုးခြင်းသည်ကား။ပစ္ဆိမဝန္ဒနာ။ အဆုံးစွန်သောရှိခိုးခြင်းတည်း။မယှံ။အကျွန်ုပ်၏။ဇီဝိတံ၊အသက်သည်။အပ္ပကံ။နည်းကဲ့ပြီ။ဇာတော။ဤနေ့မှ။ သတ္တာဟံ။ခုနှစ်ရက်သည်။ အစ္စယေ။လွန်သောနေ့နှိုက်။ဘာရံ။ဝန်ကို၊ဝေါပနံယထာ။ချသကဲ့သို့။အဟံ။အကျွန်ုပ်သည်။ဒေဟံ။ ကိုယ်ကို။ နိက္ခိပေယျ။ချအံ့။ ဇာတိ၊ ဤသို့။ ဝတွာ။ ဆို၍။ ဒသနခသမောဓာနသမုဇ္ဇလံ။ ဆယ်ချသောလက်သည်းရောင်ဘို့ဖြင့်တပြောင်ပြောင်ထွန်းပသော။အဉ္ဇလိံ၊လက်အုပ်ကို။ပဂ္ဂယှ။ချီ၍၊ယာဝ။အကြင်မျှလောက်။ဒဿနူပစာရော။ ဘုရားမြင်သောအရာသည်။ အတ္ထိ။ရှိ၏။တာဝ။ထိုမျှလောက်။အ

ဘိရုခေါဝ၊ ရှေးရှု၍လျှင်။ ပဍိက္ကမိတွာ၊ မပဲ့မရှားနောက်ဆုတ်သွား၍။ ဇာတေ၊ ဤခဝ္ဍာမှ။ ပဋ္ဌာယ၊ စ၍။ ရတိပဂိုသင္ဂဝသေနာ၊ ရတိပဂိုသင္ဂ၏အစွမ်းဖြင့်။ ကံ သြိဋ္ဌဿာနေ၊ တစ်ပုံတစ်ရသောအရပ်နှိုက်။ ဂမနာဂမနံနာမ၊ အလားအလာမည်သည်။ နတ္ထိ၊ မရှိပြီ။ ဇုတိ၊ ဤသို့။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပက္ကာမိ၊ ဘဲကဲ့၏။ ဝါ၊ သွားကဲ့၏။ ဥဒကပရိယန္တံ၊ ရေအဆုံးရှိသည်ကို။ ကတွာ၊ ပြု၍။ မဟာဘူမိ၊ မြေကြီးသည်။ စာလော၊ လှုပ်သည်။ အဟောသိ၊ ဖြစ်ပြီ။ ။ဤကားအနက်။ ။အဓိပ္ပာယ်မှါကြယ်အံ့ရိုး၍မရေးလိုက်ပါ။ အနက်အတိုင်းသိလောက်သည်။ ။တစ်နည်းရှင်မဟာကဿပသည်ငါးရာသောရဟန်းတို့နှင့် ကျွလာတော်မူ၍ စန္ဒကူး ထင်းပုံထက်နှိုက်ကိုယ်တော်မြတ်အလောင်းတော်ကို ရှိခိုးသောဝန္ဒနကား။ ။သုဝ်မဟာဝါပါဒ္ဒိတော်ာင်းပေငှချပ်နှိုက်၊ ။အထခေါ်အါယသ္မာ မဟာကဿပေါ ယေနကုသိနာရာမကုဠဗန္ဓနံနာမ မလ္လာနံစေတိယံ ယေနဘဂဝတော စိတကော တေနုပသင်္ကမိ ဥပသင်္ကမိတွာကေံသံစီဝရံကတွာအဥ္ဇလိံပဏာမေတွာ။ တိက္ခတ္တုံ့ဖိတကံပဒက္ခိဏံကတွာဘဂဝတောပါဒေသိရသာဝန္ဒိ။တာနိပိခေါပဉ္စဘိက္ခုသတာနိ ဧကံသံစီဝရံကတွာ အဥ္ဇလိံပဏာမေတွာ တိက္ခတ္တုံဖိတကံ ပဒက္ခိဏံကတွာ ဘဂဝတော ပါဒေသိရသာဝန္ဒိံသု။ ။ဟူ၍လာသည့်ယင်းပါဠိတော်၏အရကိုအထ္ထဖြင့်ဆိုသော်။ ။အထခေါ၊ ထိုအခါနှိုက်။ အာယသ္မာ၊ ယှည်သောသက်တော်ရှိသော။ မဟာကဿပေါ၊ မဟာကဿပသည်၊ ယေနယတ္ထ၊ အကြင်အရပ်နှိုက်။ ကုသိနာရာ၊ ကုသိနာရုံသည်၊ အတ္ထိ၊ ရှိ၏။ မလ္လာနံ၊ မလ္လာမင်းတို့၏၊ မကုဋဗန္ဓနံနာမ၊ မကုဋဗန္ဓအမည်ရှိသော၊ စေတိယံ၊ စေတီသည်၊ ဝါ၊ မင်္ဂလာပြုရာအရပ်သည်။ အတ္ထိ၊ ရှိ၏။ ယေနယတ္ထ၊ အကြင်အရပ်နှိုက်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ စိတကော၊ ထင်းပုံသည်။ အတ္ထိ၊ ရှိ၏။ တေနတတ္ထ၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍၊ စီ ... ယက်နံ...၊ ဧကံသံ ကောသ္ဓ အံ...သ၊ လက်ဝဲတဘက်ပခုံး

ထက်နိုက်။ကတွာ။သိုင်းကျော့ရစ်ဆင်၊ကိုယ်ဝတ်စမွာယ်တင်
သည့်ကိုပြု၍။အဥ္ဇလိံ။လက်အုပ်ကို။ပဏာမေတွာ။ညွတ်၍။ဝါ။
ချီ၍၊တိက္ခတ္တုံ။သုံးကြိမ်။ဝါ။သုံးပါတ်။စိတကံ။ထင်းပုံကို။ပဒက္ခိ
ဏံ။လကျာ်ရစ်လှည့်သည့်ကို။ကတွာ။ပြု၍။ပါဒတော။ခြေတော်
တို့ကို၊ဝိဝရိတွါ။ဘွင့်၍။ဘဂဝတော။မြတ်စွာဘုရား၏။ပါဒေ။ခြေ
တော်တို့ကို။သိရသာ။ဥတ္တမင်္ဂ။ မည်ရဆန်းထူးဦးခေါင်းဦးဖြင့်။
ဖုသာရိတွာဦးခိုက်၍။ဝန္ဒိ။ရှိခိုး၏။ခေါ။စင်စစ်။ တာနိပိပဉ္စဘိက္ခု
သတာနိ။ထိုငါးရာသောရဟန်းတို့သည်လည်း။စိဝရံ။ သင်္ကန်း
ကို။ ဧကံသံဧကသ္မိံအံသေ။ လက်ဝဲတဘက်၊ ပခုံး ထက်နိုက်။
ကတွာ။သိုင်းကျော့ရစ်ဆင်။ကိုယ်ဝတ်စမွါယ်တင်သည့်ကိုပြု၍။
အဥ္ဇလိံ။လက်အုပ်ကို။ပဏာမေတွာ။ညွတ်၍။ဂါ။ချီ၍။တိက္ခတ္တုံ။
သုံးကြိမ်။ ဝါ။သုံးပါတ်။စိတကံ။ ထင်းပုံကို။ ပဒက္ခိဏံ လကျာ်
ရစ်လှည့်သည့်ကို။ကတွာ။ပြု၍။ဘဂဝတော။ မြတ်စွာဘုရား၏။
ပါဒေ။ခြေတော်တို့ကို။ သိရသာ။ဥတ္တမင်္ဂ။ မည်ရဆန်းထူး။ ဦး
ခေါင်းဦးဖြင့်။ဝန္ဒိံသု။ရှိခိုးကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်
ကား။ထိုအခါနိုက်။ရှင်မဟာကဿပသည်။ကုသိနာရုံနိုက်မလ္လာ
မင်းတို့၏။မကုဋဗန္ဓနအမည်ရှိသောမင်္ဂလာပြုရာအရပ်သည့်ရှိ၏။
အကြွင်အရပ်နိုက်မြတ်စွာဘုရား၏ ထင်းပုံတော်သည်ရှိ၏။ ထို
အရပ်သို့ကပ်၍။ သင်္ကန်းကို သိုင်းကျော့ရစ်ဆင်။ ကိုယ်ဝတ်
စမွါယ်တင်၍။လက်အုပ်ချီ၍။သုံးကြိမ်ထင်းပုံကိုလကျာ်ရစ်လှည့်
သည့်ကိုပြု၍။ခြေတော်တို့ကိုဘွင့်၍။မြတ်စွာဘုရား၏ခြေတော်
တို့ကို။ဦးခေါင်းဖြင့်ခိုက်၍ရှိခိုး၏။ထိုငါးရာသောရဟန်းတို့သည်
လည်း။၎င်းနည်းရှိခိုးကုန်၏။ဟူသောဝတ္ထုစကား။ ။၎င်းပဟာ
ဝါအဋ္ဌကထာဝင်းပေဇာချပ်နိုက်လည်း။ ။အထခေါအာယသ္မာ
မဟာကဿပေါယေနကုသိနာရာ။ပ။သိရသာဝန္ဒိထေရောကိ
ရစိတကံပဒက္ခိဏံကတွာ။ အာဝဇ္ဇနန္တောဝသလ္လက္ခဏသိ။ကတ္ထသိံ
ဌါနေသီသံ။ကတ္ထသ္မိံဌါနေပါဒါတိ။တတောပါဒါနံသမီပေဌတွါ။
အဘိညာပါဒကံ စတုတ္ထဈာနံ။ သမာပဇ္ဇိတွာဥဋ္ဌာယ။ အရောသ

ဟာသပတိမဏ္ဍိတစက္ကလက္ခဏာပတိဋ္ဌိတာ။ ဒသဗလဿပါဒါ သဒ္ဓိံ။ကပ္ပါသပဋလေဟိ။ ပဉ္စဒုဿယုဂသတာနိ သုဝဏ္ဏဒေါဏိံ။ စန္ဒနစိတကဉ္စ ဒွေဓာကတွာ မယှံ ဥတ္တမင်္ဂေသီရသိ ပတိဋ္ဌဟန္တူတိ အဓိဋ္ဌာသိ။ သဟ အဓိဋ္ဌာနစိတ္တေန တာနိ ပဉ္စဒုဿယုဂသတာနိ၊ ဒွေဓာကတွာ ဝလာဟကန္တရာ ပုဏ္ဏစန္ဒော ဝိယ ပါဒါ နိက္ခမိံသု။ ထေရော ဝိကသိတ ရတ္တ ပဒုမသဒိသေ ဟတ္ထေ ပသာရေတွာ သုဝဏ္ဏဝဏ္ဏေ၊ သတ္ထုပါဒေ ယာဝ ဂေါပ္ဖကာ ဒဠှံ ဂဟေတွာ။ အတ္တနော သီရေ ဝရေ ပတိဋ္ဌာပေသိ။ ။ဟူ၍လာသည်။ ယင်းအဋ္ဌကထာ၏အရကိုအတ္ထပြန်ဆိုသော်။ ။အထခေါ်။ထိုအခါနိုက်။အာယသ္မာ။ရှည်သောသက်တော်ရှိသော။မဟာကဿပေါ။အရှင်မဟာကဿပသည်။ယေန၊အကြင်အရပ်နိုက်။ကူသိနာရာ။ကူသိနာရုံသည်။အတ္ထိ။ရှိ၏။ပ။သိရသော။ဦးခေါင်းဖြင့်။ဝန္ဒိ။ရှိခိုး၏။ ထေရော။ အရှင်မဟာကဿပမထေရ်သည်။ ဝိတကံ။ ထင်းပုံကို၊ပဒက္ခိဏံ။လက်ျာရင်လှည့်သည်ကို။ကတွာ။ပြု၍။ဣမသ္မိံ ဌာနေ၊ ဤအရပ်နိုက်။သီသံ။ဦးခေါင်းတော်တည်း။ဣမသ္မိံ ဌာနေ။ဤအရပ်နိုက်။ပါဒါ။ ခြေတော်တို့တည်း။ဣတိ။ ဤသို့။ အာဝဇ္ဇေတွာဝ။ကြည့်တော်မူလျှင်။သလ္လက္ခေသိကိရ။မှတ်တော်မူသတတ်။တတော။ ထိုနောက်မှ။ပါဒါနံ။ ခြေတော်တို့၏။သမီပေ။ အနီးနိုက်။ဌတွာ။ရပ်၍။အဘိညာပါဒကံ။ အဘိညာဏ်၏အငြ ဖြစ်သော။စတုတ္ထဈာနံ။စတုတ္ထဈာန်ကို။ သမာပဇ္ဇိတွာ။ဝင်စား၍။ ဥဋ္ဌာယ။စတုတ္ထဈာန်မှထ၍။အရောသဟဿပတိမဏ္ဍိတစက္ကလက္ခဏာပတိဋ္ဌိတာ။ အကန့် တထောင်တို့ဖြင့် တံဆာဆင်အပ်သော။စက်လက္ခဏာတော်၏တည်ရာဖြစ်သော။ဒသဗလဿ။ အားတော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ပါဒါ။ခြေတော်တို့သည်။ကပ္ပာသပဋလေဟိ။ ဝါကွမ်းအမြှင်တို့နှင့်။သဒ္ဓိံ။တကွ။ပဉ္စဒုဿယုဂသတာနိစ။ငါးရာသောပုဆိုးအစုံတို့ကို လည်းကောင်း။ သုဝဏ္ဏဒေါဏိံစ။ ရွှေစကြင်ကို လည်းကောင်း။စန္ဒနစိတကဉ္စ။စန္ဒကူးထင်းပုံကိုလည်းကောင်း။ဒွေဓါ။

နှစ်ဖြာ။ကတွာ။ဂုဲသည်ကိုပြု၍။မယှံ။ငါ၏။ ဥတ္တမင်္ဂ။မြတ်သော
ဦးခေါင်းနှိုက်။ပတိဋ္ဌဟတွာ။ တဉ်စေကုန်သတည်း။ဏ္ဍတိ။ဤသို့။
အဓိဋ္ဌာတိ။အဓိဋ္ဌာန်၏။အဓိဋ္ဌာနစိတ္တေန အဓိဋ္ဌာန်စိတ်နှင့်။သဒ္ဓိံ။
တကွ။ တာနိပဉ္စဒုဿယုဂသတာနိ။ ထိုငါးရာသော ပုဆိုးတို့
သည်။ဒွေဓာ။နှင်ဖြာ။ကတွာ။ပြု၍။ ဝလာပဲကတ္တာရ။တိမ်တိုက်
ကြားနှိုက်။ ပုဏ္ဏစန္ဒောဝိယ၊ ရောင်ဝါပည့်ဝန်း။ တက်၍ တွန်း
အသည့်လဝန်းကဲ့သို့။ပါဒ။ ခြေတော်တို့သည်။ နိက္ခမိံသု။ထွက်
တော်မူကုန်၏။သေရော။ ရှင်မဟာကဿပမထေရ်သည်။ဝိက
သိတရတ္တပဒုမသဒိသေ။ပွင့်တျာတျာ။ နီလှစွာသောကြာပဒုမ္မာ
နှင့်တူကုန်သော။ ဟတ္ထေ။လက်တို့ကို။ပသာရေတွာ။ဆန့်၍။ သု
ဝဏ္ဏဝဏ္ဏေ။ရွှေအဆင်းနှင့်တူသောအဆင်းရှိကုန်သော။သတ္ထုပါ
ဒေ။ဘုရားခြေတော်တို့ကို။ယာဝဂေါပ္ပကာ။ အကြင်ဖမျက်တိုင်
အောင်။ဒဠှံ။မြဲစွာ။ဂဟေတွာ။ကိုင်၍။အတ္တနော။မိမိ၏။သိရဝရေ။
မြတ်သောဦးခေါင်းနှိုက်။ ပတိဋ္ဌာပေသိ။ထားပေ၏။ တေန။ထို
ကြောင့်။ဘဂဝတောပါဒေသိရသာဝန္ဒိတိ။ ဝန္ဒိဟု၍။ဝုတ္တံ။ ဆို
အပ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ရှင်မဟာကဿပ
မထေရ်သည်။အလောင်းတော်တင်ထားသောထင်းပုံကို။လက်ျာ
ရစ်သုံ့ည့်သည်ကိုပြုကုန်၍။ဤအရပ်နှိုက်ဦးခေါင်းတော်တည်း။
ဤအရပ်နှိုက်ခြေတော်တည်း။ဤသို့မှတ်တော်မူ၍။ထိုနောက်မှ။
ခြေတော်တို့၏အနီးနှိုက်ရပ်၍။ အဘိညာဉ်၏ အခြေရှိသော စ
တုတ္ထဈာန်ကိုဝင်စား၍။ စတုတ္ထဈာန်မှထ၍။ အကန့်တထောင်
တို့ဖြင့်တံဆာခင်ထသော။စက်လက္ခဏာ၏တည်ရာဖြစ်သော။
မြတ်စွာဘုရား၏ခြေတော်တို့သည်။ဝါကွမ်းအပြင်တို့နှင့်တကွ၊
ငါးရာသောပုဆိုးအစုံတို့ကိုလည်းကောင်း။ရွှေစကျင်းကိုလည်း
ကောင်းစန္ဒကူးထင်းပုံကိုလည်းကောင်း၊နှစ်ဖြာခွဲသည်ပြု၍။ငါ၏
မြတ်သောဦးခေါင်းနှိုက်။တဉ်စေသတည်း၊ ဤသို့အဓိဋ္ဌာန်တော်
မူ၍။အဓိဋ္ဌာန်သောစိတ်နှင့်တကွ။ ထိုငါးရာသောပုဆိုးတို့သည်။
နှစ်ဖြာပြု၍။ တိမ်တိုက်ကြားနှိုက်။ ရောင်ဝါတက်ထွန်းသောလ

ပည့်ဝန်းကဲ့သို့။ ခြေတော်တို့သည်ထွက်တော်မူကုန်၍။ ရှင်မဟာကဿပမထေရ်သည်။ပွင့်တျာတျာ၊ နီလှစွာသော။ကြာပဒုမ္မာနှင့်တူသောလက်တို့ကို ဆန့်တော်မူ၍။ ရွှေအဆင်းနှင့် တူသောအဆင်းရှိကုန်သော။မြတ်စွာဘုရား၏ခြေတော်တို့ကို။အကြင်ဖမျက်တိုင်အောင်။ မြဲစွာကိုင်၍။မိမိ၏။ မြတ်သောဦးခေါင်းနှိုက်ထားပေ၏။ ။ဤကားမှတ်ရန်ဝတ္ထုအကြောင်း။ ။အကြွယ်ကိုသိလိုလျှင်။ ၎င်းအဋ္ဌကထာမှာကြည့်ကြပါကုန်။ ။ရပ်ခြင်းသွားခြင်းဟုဆိုအပ်သော၊ ဌိတဂမနဝတ္ထု ရှိခိုးခြင်းစကားရပ်။ မှတ်ဘွယ်အခန်းပြီး၏။

—

အဝေးဟုဆိုအပ်သောဒူရဝတ္ထုရှိခိုးခြင်းကား။

ငါတို့ဘုရားအလောင်းတော်သည်။ဗာရာဏသီပြည်ကိုရပ်လျက်။ ရွှေငှက်ပြောပင်သို့ညွတ်၍။ ရှိခိုးကြောင်းကိုလည်း။မုခပေက္ခဇါတ်၊ အဋ္ဌကထာဝိနယလက်၂ရဂိုကာ၆းပေဝချပ်နှိုက်။ ။မဟာသတ္တောသုဝဏ္ဏကဒလိဝိယဗါရာဏသီနဂရာဘိမုခံ၊ ဩဏမိတွာမာတာပိတရောဝန္ဒိတွာ။ ။စသည်ဖြင့်ဘွင့်ပြတော်မူသည်။ယင်းအဋ္ဌကထာ၏အရကို။အတ္တပြန်ဆိုသော်။ ။မဟာသတ္တော။ဘုရားအလောင်းတော်သည်။သုဝဏ္ဏကဒလိဝိယ။ရွှေမောသန့်စင်။ ရွှေငှက်ပြောပင်ကဲ့သို့။ ဗာရာဏသီနဂရာဘိမုခံ။ မြောက်ဦးခေါင်းမူ၊ အသွင်တူသော။ ဗာရာဏသီပြည်သို့ရှေးရှု။ ဩဏမိတွာ။ ညွတ်၍။ မာတာပိတရော ။အမိအဘ တို့ကို။ ဝန္ဒိတွာ။ရှိခိုး၍။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ဘုရားအလောင်းတော်သည်၊ ချောမွေ့သန့်စင်။ ရွှေငှက်ပြောပင်ကဲ့သို့။ မြောက်ဦးခေါင်းမူ။အသွင်တူသောဗာရာဏသီပြည်သို့။ ရှေးရှုညွတ်၍။ မိဘတို့ကိုရှိခိုးသောဝတ္ထုစကား။ ။အကြွယ်ကိုသိလိုလျှင်။၎င်းအဋ္ဌကထာမှာကြည့်ကြပါကုန်။ ။တစ်နည်းသုပ္ပာဒေယျပါဠိတော်ဂ်းပေဇာချပ်နှိုက်။ဘုရားကိုရှိခိုးသောအရာမှာ၊ ။

တေစာပဝိဗုဒ္ဓံအာဒိစ္စဗန္ဓုနာ ဒူရတောဝနမဿန္တိ မဟန္တံဝိတ
သာရဒံ။ ။ဟုဘွင့်ပြတော်မူသည်။ ယင်းပါဠိတော်၏အရကို။
အတ္ထပြန်ဆိုသော်။ ။တေစာပိ။ထိုဇွေရဇ္ဇနတ်မင်း၏။ဉာတ္ထအ
မည်ရှိ သော။ ထိုကိုးကျိပ် တစ်ယောက်သော သားတို့သည်
လည်း။ဗုဒ္ဓံ။ဘုရားသခင်ကို။ ဒိသွာ။မြင်၍။မဟန္တံ။ ကြီးစွာသော
တံခိုးရှိထသော။ ဝိတသာရဒံ။ ရွံ့ရှာခြင်းကင်းထသော။ အာဒိစ္စ
ဗန္ဓုနာ။ နေမင်း၏ အဆွေဖြစ်တော် မူထသော။ဗုဒ္ဓံ။ ဘုရား
သခင်ကို။ဒူရတောဝ။ အဝေးကသာလျှင်။ နမဿန္တိ။ရှိခိုးကုန်
၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ဇွေရဇ္ဇနတ်မင်း
၏။ ဉာတ္ထ အမည် ရှိသော ထိုကိုးကျိပ် တစ် ယောက် သော။
သားတို့သည်လည်း။ဘုရားသခင်ကိုမြင်၍။ကြီးစွာသော တံခိုး၊
ရှိသော။ ရွံ့ရှာခြင်းကင်းသော။ နေမင်း၏အဆွေ ဖြစ်တော်မူ
သော။ဘုရားသခင်ကိုရှိခိုးကုန်၏ဟုဆိုသောဝတ္ထုနစကား။ ။
တစ်နည်းလည်းပရိတ်ကြီးဋီကာနှက်။ဝေးသောအတိတ်ကမ္ဘာ
အားဖြင့်။ကိုးဆယ်တစ်ကမ္ဘာတို့နှက်၊ဝိပဿီအစရှိကုန်သော၊
ခွန်နှစ်ဆူကုန်သောဘုရားတို့၏။ ခြေတော်အစုံတို့ကို။ဦးခေါင်း
ဖြင့်၊အဝေးကရှိခိုးသည့်ကိုလည်း။ဖွင်းပေဂူချပ်နှက်။ ။တေသာ
ဟံသိရသာပါဒေဝန္ဒာမိပုရိသုတ္တမေ။ ။ဟူ၍လည်းကောင်း။ ။
ထွေတ္တသံသိရသာဥတ္တမင်္ဂေနပါဒစရဏာယုဂဠ္ဍေ ဝန္ဒာမိအာဘိဝန္ဒနံ
ကရောမိ။ ။ဟူ၍လည်းကောင်းဘွင့်ပြတော်မူသည်။ ယင်းဋီ
ကာ၏အရကိုအတ္ထပြန်ဆိုသော်။ ။အဟံ။အကျွန်ုပ်သည်။ပုရိ
သုတ္တမေ။ပုရိသဥတ္တမာနံ။ယောကျ်ားမြတ်ဖြစ်တော်မူကုန်သေ။
တေသံ။ထိုမြတ်စွာဘုရားတို့၏၊ပါဒေ။ခြေတော်စုံတို့ကို။ သိရ
သာ။ဥတ္တမင်္ဂ၊မည်ရသော်နုံးထူး။ ဦးခေါင်းဦးဖြင့်။ ဝန္ဒာမိ။ ရှိသေ
မြတ်နိုး။ရှိခိုးပါ၏။ ။တေသံ။ထိုမြတ်စွာဘုရားတို့အား။ သိရ
သာဥတ္တမင်္ဂေန။ ဦးခေါင်းဟုဆိုအပ်သော။မြတ်သောအင်္ဂါဖြင့်။
ပါဒစရဏာယုဂဠ္ဍေ။ ခြေတော်အစုံတို့ကို။ ဝန္ဒာမိ၊အာဘိဝန္ဒနံက
ရောမိ။ရှိခိုးခြင်းကိုပြု၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။

အကျွန်ုပ်သည်။ယောကျ်ားမြတ်ဖြစ်တော်မူကုန်သော။ ထိုမြတ်
စွာဘုရားတို့၏။ ခြေတော်ရုံတို့ကို။ဥတ္တမင်္ဂ၊ မည်ရသန်းထူး၊ဦး
ခေါင်းဦးဖြင့်။ရှိခိုးပါ၏။ ။ထိုမြတ်စွာဘုရားတို့အား။ဦးခေါင်း
ဟုဆိုအပ်သော၊ မြတ်သောအင်္ဂါဖြင့်။ခြေတော်အစုံတို့ကို။ရှိခိုး
ခြင်းကိုပြု၏ ဟုဆိုသောဝဏ္ဏနာစကား။ ။တစ်နည်း သဂါထာ
ဝဂ္ဂသံယုတ်ပါဠိတော်ဘိးပေကားချပ်နှုက်။ လနတ်သားကိုအ
သူရိန်ဘန်း၍။ ဘုရားကိုအဝေးက ရှိခိုးတောင့်တသောဂါထာ
ကား။ ။နမောတေဗုဒ္ဓဝီရတ္ထု။ဝိပ္ပမုတ္တောသိသဗ္ဗဓိ။ သမ္ဗာဓ
ပဋိပန္နောသ္မိ။တဿမေသရဏံဘဝါတိ။ ။ဟူ၍လာသည်။
ယင်းအရကိုအညွှပြန်ဆိုသော်၊ ။ဝိရ။ကြီးသောလုလ္လရှိတော်မူ
သော။ ဗုဒ္ဓ။လေးသစ္စာစုံ။ပွင့်ဘူးငုံကို။ ကုန်မကျန်စဥ်၊ ပိုင်းခြား
မြင်သောသျှင်ဘုရား။တေ။ထိုဝိသုဒ္ဓမျိုးနွယ်။သန့်စဉ်ကြယ်သါး။
သျှင်ဘုရားအား။မေ။ဝလါတိမ်ယံ၊ရောင်လျှံထွန်းဘိတ်။မဟာါမေ
ဒနီ။တောင်မှင်ဆီနှင့်၊ပုံပြီအောင်နှိပ်သော၊ယုံနိမိတ်ငွေပြသာဒ်
က။ ထူးမြတ်သော လနတ်ငါ၏၊ နမော။ နှစ်ထပ် ဆယ်စုံ၊ ပဒုံ
ဟတ္ထာ။အဥ္ဇလိမုံအာဖြင့်။ငါးဖြာဝတ်စင်း။ရှိခိုးခြင်းသည် ။အတ္ထု။
အမှန်မသွေ။ဖြစ်စေသတည်း။တွံ။အာဏာဇါတိ။ခေတ်ဝိသယ။
နိုင်းမမျှသား၊ရှင်ဘုရားသည်။ သဗ္ဗဓိ။ ခပ်သိမ်းလုံးစုံ၊စုပုံခန္ဓာ။
အာယတန၊စသည်တို့နှုက်။တောင့်တခြင်းမှ။ ဝိပ္ပမုတ္တော။ ညီ
တွယ် ပစ် ကင်း။ စင်ကြယ် ရှင်းလျက်။ လွတ်ကင်းတော်မူ
သည်။အသိ။ဖြစ်ပြီ။အဟံ။ဝေဟာါစခန်း။လမ်းသုံးဝိဓိ။လှည့်ဘိစန္ဒ
ရာ။ ယုံတံစိတ်ခ။ ဘုံရိပ်ပြ။ လနတ်ငါသည်။ သမ္ဗာဓပဋိပန္နော။
စမွာယ်ညှိုးအောင်း။ လွှန်ကျင်းမြောင်းလျက်။ စက်လျှောင်းနွမ်း
ညှိုး။တိုးမလွှန့်သာနေရပါသည်။အသ္မိ။ဖြင်၏။တွံ။တုနှိုင်းမမြင်။
သုံးဘုံယှင်သည်။တဿမေ။ထိုစန္ဒရာ။ ယုံနတ်ငါ၏။ သရဏံ။
ကိုးကွယ်လည်းလျှောင်း။ပုံးအောင်းရာသည်။ဘဝ။ဖြစ်တော်မူ
ပါလော့။ဇာတိဇာမိဂါထံ။ဤဂါထာကို၊အဘာသိ။ရွတ်၏။ ။ဤ
ကားအနက်၊ ။အဓိပ္ပာယ်ကား၊လနတ်သားကို၊ရာဟုအသူရိန်

ဘမ်း၍။ ဘုရားကိုရှိခိုး တောင်တသည်မှာ။ ကြီးသော လုလ္လရှိ
တော်မူသောမြတ်စွာဘုရား။ထိုမြတ်စွာဘုရားအား။အကျွန်ုပ်၏
ရှိသေမြတ်နိုး၊ ရှိခိုးခြင်းသည်။ ဖြစ်စေသတည်း။ အသျှင်ဘုရား
သည်၊ ခပ်သိမ်းသော တောင့်တခြင်းတို့မှ။ ညိတွယ်ပစ်ကင်း၊
ဝင်ကြွယ် သွင်းလျက်။ ကင်းလွတ်တော် မူပြီ။ အကျွန်ုပ် သည်
စမွှာယ်ကျင်းမြောင်း။စက်လျှောင်းနှမ်းညှိုး။ တုံးမလွန့်သာ။နေ
ရပါသည်ဖြစ်၍။အသျှင်ဘုရားသည်အကျွန်ုပ်၏၊ကိုးကွယ်လဉ်း
လျှောင်း။ပုံးအောင်းရာသည်။ဖြစ်တော်မူပါလေသော်ဟု၊ ဘုရားကို။
အဝေးကရှိခိုးတောင့်တသောစကား။ ။ငင်းသိံယုတ်ငင်းအ
ချုပ်နှိုက်။ လနတ်သားက ရာဟုအသူရိန်ဘမ်း၍၊ ဘုရားကိုရှိခိုး
တောင့်တသော်။ဘုရားကိုယ်တော်မြတ်က။ ပြန်၍ရွတ်တော်မူ
သောဂါထာကား။ ။တထာဂတံအရဟန္တံ၊စန္ဒိမာသရဏံဂ
တော။ရာဟုစန္ဒံပမုဉ္စဿု။ဗုဒ္ဓါလောကာနုကမ္ပကာတိ။ ။ဟု
လာသည်၊ ယင်းပါဠိတော်၏အရကိုအတ္ထပြန်ဆိုသော်။ ။ရာ
ဟု။ အံ့ဘွယ်စတောင်း၊ နက်ပေါင်းထင်ယှာ၍၊ ကြီးမားသော
ကိုယ်ရှိသော၊ရာဟုအသူရိန်။အရဟန္တံ။သဟံပြဟ္မာ။ ကေသာ
ညွှတ်ရုံး။နေရုပမာ။နိုင်းစာနာ။ရတနာရွှေပန်းကုန်းတို့ဖြင့်။ တင့်
ဆုံးကော်ရော်။ပူဇော်အထူးကိုခံတော်မူထိုက်သော။ တထာဂ
ပံ။သုံးဘဝဆွေ။ ဘုန်းမြကေကို။ စန္ဒိမာ၊ငွေပုဏ္ဏမာ။ ယုဂံချာ
ထက်။ဇနရာနတ်။ယုံပြသာဒ်သည်။သရဏံ။အမြတ်တနိုး။လွန်ရို
ကြိုး။ကိုးကွယ်ရာဘူ၍။ဂတော။စက်ပဒိုမ္မာ။ စုံချုပ်လွှာကို။ ကေ
သာညွှတ်လတ်၍။ ဆည်းကပ်လေ၏။စန္ဒံ။ နေခြမလျှော။ညာရစ်
ခွေ့လျက်။ငွေစမွှယ်ဒရုံ။လနန်းယုံကို။ပမုဉ္စဿု၊သာရာနူးညွတ်။
လွှတ်ဘိလော့။ဗုဒ္ဓါ။ခုံးဆမရှိ။ လုံးစုံသိ။မုနိရွှေစင်။ ဘုရားသျှင်
တို့သည်။လောကာနုကမ္ပကာ။ သီးချာမချား။ရင်နှစ်သားကဲ့သို့။
သနားတော်မူကုန်၏။ဣတိဣမံဂါထံ။ ဤဂါထာကို။ အဘာသိ။
ရွတ်တော်မူ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကားလနတ်သား
က။ဘုရားကိုတောင့်တရှိခိုး၍။ဘုရားကိုယ်တော်မြတ်က။အသူ

ရှိန်ကုံ။မိန့်တော်မူပြန်သည်မှာ။ကြီးသောရာဟုအသူရိန်။ ပူဇော်
အထူးကိုခံတော်မူထိုက်သောငါဘုရားကို။ လနတ်သားသည်။
ကိုးကွယ်ရာဟူ၍။ ဆည်းကပ်လေ၏။ လနတ်သားကိုလွှတ်ဘိ
လော့။ဘုရားသျှင် တို့သည်။ ခပ်သိမ်းသော လူတို့ကို။ သီးချာမ
ချား။ ရင်နှစ်သားကဲ့သို့။ သနားတော်မူကုန်၏၊ ဟုရွတ်တော်မူ
သောဂါထာစကား။ ။ငင်းသံယုတ်ငင်းပါဠိတော်နှိုက်။ နေ
နတ်သားကို ရာဟုအသူရိန်ဘမ်း၍။ ဘုရားကိုအဝေးကတောင့်
တသောဂါထာကား။ ။နမောတေဗုဒ္ဓဝိရတ္ထု။ဝိပ္ပမုတ္တောသိ
သဗ္ဗဓိ။သမ္ဗာဓပဋိပ္ပန္နောသ္မိ။တဿမေသရဏံဘဝါတိ။ ။ဟု
လာသည်။ယင်းအရကိုအတ္ထပြန်ဆိုသော်။ ။ဝိရ။တစ်ပါးသူနှင့်။
မတူညသဟာ။နိုင်းမရ။ ကြီးလှသောလုလ္လရှိတော်မူသော။ ဗုဒ္ဓ။
သဗ္ဗာလေးတန်၊ကြွင်းမကျန်ဘဲ။ အမှန်ကုန်စင်။ သိမြင်တော်မူ
သောမြတ်စွာဘုရား။တေ။ထိုတုနိုင်းမမြင်။ သုံးဘုံသျှင်အား။မေ။
ဥဏ္ဏာဂူရောင်လင်း။ပြောင်ပြောင်ဝင်းသော။နေမင်းငါ၏။နမော။
ဆယ်ဖြာယှက်ခြို။ကြာပဒုံသို့။ အာဂုံညွတ်စင်း။ ရှိခိုးခြင်းသည်။
အတ္ထု။မှန်စွာမသွေ။ဖြစ်စေသတည်း။တွံ။ရင်ငွေခါတ်လှုံ။ သါး
ကားဖုံသို့။နှင်ပုံခပြား။ သနားတော်မူသော သျှင်ဘုရားသည်။
သဗ္ဗဓိ။ငါးဝခန္ဓါ။အာယတန။စသည်တို့နှိုက်။တောင့်တခြင်းမှ။
ဝိပ္ပမုတ္တော။မြူညှိမတင်။သန့်ယှင်းစင်သည်။အသိ။ ဖြစ်ပြီ။အဟံ၊
မြသော်မြတ်။ အနှုလိတ်ထက်။ လျှန်ဘိတ်ရောင်ဝါ၊ ( နနတ်ငါ
သည်။သမ္ဗာဓပဋိပ္ပန္နော။စက်ရထားနှင့်၊လမ်းသုံးခွင်နှိုက်။မရွှင်၊
စိတ်ပမ်း။ရိန္နမ်းကျင်းမြောင်း။ စက်လျှောင်းခြင်းသို့ရေခံသည်။
အသ္မိ။ဖြစ်၏။တွံ။ သုံးဘုံသခင်၊ မြတ်ချစ်သျှင်သည်။ တဿမေ။
ဘာနုရာဇာ။ ထိုနတ်ငါ၏။သရဏံ။ ကိုးကွယ် လည်းလျှောင်း။
ပုန်းအောင်းရာသည်။ဘဝ။ဖြစ်တော်မူပါလော့။ဣတိဣမံဂါထံ။
ဤဂါထာကို။အဘာသိ။ရွတ်၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်
ကား။ နေနတ်သားကိုအသူရိန်ဘမ်း၍။ ဘုရားကိုယ်တော်မြတ်
ကို။ရှိခိုးတောင့်တသည်မှာ။ကြီးမြတ်သောလုလ္လရှိတော်မူသော

မြတ်စွာဘုရား။ထိုမြတ်စွာဘုရားအား။အကျွန်ုပ်၏ရှိသေမြတ်နိုး
ရှိခိုးခြင်းသည်ဖြစ်စေသတည်း။သည်းချာမချား၊ရစ်နှစ်သားသို့
သနားတော်မူ သောသျှင်ဘုရားသည်။ ခန္ဓာအာယတနစသော၊
တောင့်တခြင်းမှ၊ လွတ်ကင်းတော်မူသည်ဖြစ်ပြီ။ အကျွန်ုပ်သည်
အသူရိန်ဘမ်း၍။ ညှိုးနွမ်းကျင်းမြောင်းခြင်းသို့ရောက်သည်ဖြစ်၏။
အသျှင် ဘုရား သည်။ အကျွန်ုပ် နေနတ်သား၏။ ကိုးကွယ် ရာ
ဖြစ်တော်မူပါလောဟုနေနတ်သားက။ ဘုရားကိုရှိခိုးတောင့်တ
သော။ဝန္တနစကား။ ။ငင်းသံယုတ်ပါဠိ။ငင်းအချပ်နိက်။နေနတ်
သားကို၊ ရာဟုအသူရိန်ဘမ်း၍။ အဝေးကဘုရားကိုရှိခိုးတောင့်
တ၍။ ဘုရား ကိုယ်တော် မြတ်ကရွတ် တော် မူသော ဂါထာ
ကား။ ။တထာဂတံအရဟန္တံ။သူရိယောသရဏံဂတော။ ရာ
ဟုပမုဉ္စသူရိယံ။ ဗုဒ္ဓါလောကာနုကမ္ပကာတိ။ ။ဟုလာသည်။
ယင်းပါဠိတော်၏အရကို အထွပြန်ဆိုသော်။ ။ရာဟု။ကြီးမား
မြင့်မြောက်။ အံ့လောက်သောကိုယ်ရှိသောရာဟုအသူရိန်၊အရ
ဟန္တံ။တေဘုမ္ဘိက။ ရှိသမျှတို့၊ ညွတ်ခကော်ရော်။ ပူဇော်အထူး
ကို၊ ခံတော်မူထိုက်သော။တထာဂတံ။ သာကီမျိုးဆွေ။ ဘုန်းမြ
ကေကို။သူရိယော။သဟာသရံ။သူရဂံဟု။ ရောင်လျှန်ထင်ယှား။
နေနတ်သားသည်။ သရဏံ။ သက်ဆုံးမကွာ၊ ကိုးကွယ်ရာဟု။
ဂ...ာ။စက်ရွှေညွှန့်လွှာ။ရုံနှစ်ဖြာကို။ နလာဘွေချပ်ဖြင့်။ဆည်း
ကပ်လေ၏။ သူရိယံ။ နှပ်ငုံလက်အုပ်။ သိန်းစွန်သုတ်သို့။ ပြုလုပ်
ဟန့်တား။နေနတ်သားကို။ ပမုဉ္စ။ မပင်မပန်း။ ချမ်းသာကြည်
ညွတ်။ လွတ်ဘိလော။ဗုဒ္ဓါ။ လုံးစုံသိမြင်။ ဘုရားယှင်ကိုသည်။
လောကာနုကမ္ပကာ။ သည်းချာအလား။ လူတို့အားကို။ သနား
တော်မူကုန်၏။ ဇာတိဇာမံဂါထံ။ ဤဂါထာကို။ အဘာသိ၊ ရွတ်
တော်မူ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။နေနတ်သား
က။ဘုရားကိုအဝေးကတောင့်တရှိခိုး၍၊ဘုရားကိုယ်တော်မြတ်
ကရာဟုအသူရိန်ကို၊စကားပြန်တော်မူသည်မှာ။ နတ်အပေါင်း
တို့ထက်။ ထင်ယှား ကြီးမား သော ရာဟု အသူရိန်၊ ခပ်သိမ်း

သောသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ငါဘုရားကို။နေနတ်သားသည်။ကိုးကွယ်ရာဟူ၍၊ဆည်းကပ်လေ၏။နေနတ်သားကိုမပင်မပန်း။ ချမ်းသာကြည်ညွတ်။ လွတ်ဘိလော။ ဘုရားတို့သည်။ခပ်သိမ်းသောလူတို့ကိုသည်းချာမချား။ ရင်နှစ်သားသို့။ သနားတော်မူကုန်၏ဟု။ ဘုရားကိုယ်တော်မြတ်ဂါ။ ရာဟုအသူရိန်ကိုပြန်ဆိုသောစကား။ ။ခြေတို့ကိုချင်းကပ်၍ ဦးမခိုက်ဘဲ။ အဝေးမှ ခြေရှိရာ အရပ်သို့ ရှေ့ရှု။ ဦးခိုက်သော်လည်းရှိခိုးခြင်းဝန္ဒနမြော်သည်၏အဖြစ်ကိုလည်း။ ဝိနယလင်္ကာရဋီကာ။ဝိမတိဝိနောဒနီဋီကာတို့နှိုက်။ ။ပါဒေဝန္ဒာပေတွာတိပါဒါဘိမုခံ။နမာ ပေတွာ ဒူရေ ဝန္ဒန္တောပိဟိ ဝန္ဒတိတိ ဝုစ္စတိ။ ။ဟုဘွင့်ပြတော်မူသည်။ ယင်း၏ အရကို အဋ္ဌ ပြန်ဆိုသော်။ ။ပါဒေဝန္ဒာပေတွာတိ။ ပါဒေဝန္ဒာပေတွာဟူသည်ကား။ဟိသတ္တံ။ မှန်၏။ ပါဒါဘိမုခံ။ ခြေသို့ရှေ့ရှု။ နမာပေတွာ။ ညွတ်စေ၍။ဒူရေ။အဝေးနှိုက်။ဝန္ဒန္တောပိ။ရှိခိုးသော်လည်း။ဝန္ဒတိတိ။ ရှိခိုး၏ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။ခြေသို့ရှေ့ရှု။ ညွတ်စေ၍။ အဝေးနှိုက်ရှိခိုးသော်လည်း၊ရှိခိုးသည်မည်၏ဟုပြသောဝန္ဒနစကား။ ။အဝေးနှိုက်ရှိခိုးခြင်းဒူရဝန္ဒနအကျင်းမှတ်ရန်စကားပြီး၏။

---

## ဝတ်လျောင်းသောသယနဝန္ဒနရှိခိုးခြင်းကား။

ကန္ဒသာရအမည်ရှိသောပရဝဏ်နှိုက်။ ဝါခြောက်ဆယ်ရှိသော မဟာသဋ္ဌဝသ မထေရ်သည်။ ညောင်စောင်းပေါ်နှိုက်လျောင်းစက်၍။ဒုက္ခဝေဒနာရောက်သဖြင့်။ ညီးညူတော်မူခိုက်တိဿအမည်ရှိသော မင်းကြီးသည်။ ၎င်းမထေရ်ကိုဘူးမြင်အံ့သောငှာ ကြွလာ တော်မူ၍။ ညီးညူသော အသံကို ကြား လေသော်။အဘယ်သူ၏အသံနည်းဟု။မေးတော်မူ၏။ အမတ်တို့က

အယှင်မင်းကြီး။မဟာသဠ္ဌဝသသမထေရ်ကြီး၏၊အသံဟုလျှော်
ထား၏။ ရဟန်းပြု၍ဝါခြောက်ဆယ်ရှိပြီ။ ဒုက္ခဝေဒနာကိုဆင်
ချင်ခြင်းမျှကိုမပြုဟုဆို၍။မထေရ်ကိုရှိမခိုးဘဲ။ဗောဓိပင်ကိုရှိခိုး
၍ပြန်သွားလေ၏။ အလုပ်အကျွေးပဉ္စင်းငယ်တို့က။အယှင်ဘုရား
ငါတို့၏ အယုက်ကိုဖြစ်စေကုန်သနည်း။ သဒ္ဓါတရားနှင့်ပြည့်စုံ
သောမင်းကြီးသည်၊အယှင်ဘုရား၏။ ညီးညူသံကိုကြား၍။ ရှိမ
ခိုးဘဲ။ဗောဓိပင်ကိုသာရှိခိုး၍။ ပြန်သွားလေသည်ဟု။ လျှောက်
ထား၏။မထေရ်ကြီးသည်။ ထိုအခါမှသတိရသဖြင့်။ ဒုက္ခဝေဒ
နာကိုခွါ၍။ တရားကိုဆင်ချင်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်
လေ၏။ထိုအခါအလုပ်အကျွေးရဟန်းငယ်ကို၊ မထေရ်ကြီးက
ခေါ်၍ မင်းကြီးထံသို့၊ ရှိခိုးလာရမည်အကြောင်းနှင့်။ စေလွှတ်
လိုက်၏။ မင်းကြီးသည်ကြွလာ၍။ မထေရ်ထံ ရောက်လျှင်။ မိ
ချောင်းနှင့်တူသော၊ ပြားပြားဝတ်စင်းခြင်းဖြင့်။ ရှိခိုးလျက်။ အ
ကျွန်ုပ်သည်၊ အရဟတ္တဖိုလ်ကိုရှိမခိုးပါ။အယှင်ဘုရား၏၊ပုထုဇ္ဇန်
အရာနှိက်တည်၍။စောင်းစည်းသောသီလကိုသာ။ရှိခိုးပါ၏ဟု
လျှောက်၏။ ဤစကားကို၊ သီလကွံ အဋ္ဌကထာဇော့ပ်ာဘ်းပေ
နှိက်။ ။ရာဇာသံသုမာရ ပဋိတေနထေရံ ဝန္ဒန္တောနာဟံ
အယျဿအရဟတ္တံဝန္ဒာမိ။ ပုထုဇ္ဇနံပနဌတွာရက္ခိတသီလမေ
ဝ ဝန္ဒာမိတိအာဟ။ ။ဟုဘွင့်ပြတော်မူသည်။ယင်းအဋ္ဌကထာ
၏အရကေ်အတ္ထပြန်ဆိုသော်။ ။ရာဇာ။တိဿ အမည်ရှိသော
မင်းကြီးသည်။သံသုမာရပဋိတေန။ မိချောင်းနှင့်တူသောပြား
ပြား ဝတ်စင်းခြင်းဖြင့်။ ထေရံ။ မဟာသဠ္ဌ ဝသ မထေရ်ကို။
ဝန္ဒန္တော။ရှိခိုးလျက်။ အဟံ။ အကျွန်ုပ်သည်။ အယျဿ။အယှင်
ဘုရား၏။ အရ ဟတ္တံ။ အရဟတ္တဖိုလ်ကို။နဝန္ဒာမိ၊ ရှိမခိုးပါ။ ပုထု
ဇ္ဇနံပန။ ပုထုဇ္ဇနအရာနှိက်ကား။ဌတွာ။ တည်၍။ ရက္ခိတသီလ
မေဝ။ စောင့်သောသီလကိုသာလျှင်။ ဝန္ဒာမိ။ရှိခိုးပါ၏။ ဣတိ၊ ဤ
သို့။အာဟ၊ လျှောက်ဆို၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်
ကား။ တိဿအမည်ရှိသော မင်းကြီးသည်။ မိချောင်းနှင့်တူ

သော၊ပြားပြားဝတ်စင်းခြင်းဖြင့်။ မဟာသဒ္ဒြဝဿာမထေရ်ကို။
ရှိခိုးလျက်။ အကျွန်ုပ်သည်။ အရှင်၏ အရပဟဏ္ဍမိုလ်ကို ရှိမခိုး
ပုထုဇ္ဇနံ၏အဖြစ်နှိက်တည်၍။စောင့်သုံးသော်သီလကိုသာလျှင်
ရှိခိုး၏ဟု၊လျှောက်ဆိုသောဝန္ဒနစကား။ ။တစ်နည်း။သတင်း
သည်ဒါယကာမသည်။မိမိတို့ဆောက်လုပ်သောကျောင်းနှိက်။
ဝါတွင်းသုံးလပါတ်လုံး။မိမိသားသီတင်းသုံးသော်လည်း။မိမိတို့
ကသားမှန်းမသိ။ သားကလည်း၊ သင်တို့ကား၊ ငါ၏မိဘ။ ငါ
လည်းသင်တို့၏သားဟု။မသိစေဘဲ။ကျောင်းနှိက်ဝါတွင်းသုံးလ
ပတ်လုံး သီတင်းသုံးနေ၍၊ ထိုသားသွားမှ။ မိဘတို့သိ၍၊သား
သွားရာအရပ်သို့၊ ရှေ့ရှု။ရင်ဖြင့်ဝတ်၍။ရှိခိုးခြင်းကို။ဝိသုဒ္ဓိမဂ်အ
ဋ္ဌကထာ။ သာရတ္ထသင်္ဂဟာဝိ‌းပေဂိချပ်နှိက်။ ။ဥပါသိကာပ
သိဒ္ဓိတွါပုတ္တေနဂတဒိသါဘိမုခေါဥရေနနိပဇ္ဇိတွာနမဿမါနါ
ဟာ။ ။ဟုဘွင့်ပြတော်မူသည်၊ယင်း၏အရကိုအတ္ထပြန်ဆိုသော်။ ။
ဥပါသိကာ။ သီတင်းသည်ဒါယကာမသည်။ပသိဒ္ဓိတွာ၊ကြည်
ညို၍။ပုတ္တေန။သားသည်။ဂတဒိသာဘိမုခေါ။ သွားရာအရပ်သို့
ရှေ့ရှု။ဥရေန။ရင်ဖြင့်။နိပဇ္ဇိတွာ။ဝပ်၍။နမဿမာနာ။ရှိခိုးလျက်။
အာဟ။ငါ့သားလိုသားမရှိဟုဆို၏။ ။ဤကားအနက်။ ။အ
ဓိပ္ပာယ်ကား။ အကြွယ်ကိုသိလိုလျှင်။ ဝိသုဒ္ဓိ မဂ် အဋ္ဌ ကထာ။
သာရတ္ထသင်္ဂဟမှာကြည့်။ အကျင်း အဓိပ္ပာယ်ကား။ သီတင်း
သည်ဒါယကာမသည်။ သားနှိက် ကြည်ညို၍၊သားသွားရာအ
ရပ်သို့၊ရှေ့ရှုရင်ဖြင့်ဝပ်၍ ငါ့သားလိုသားမရှိဟုဆို၍၊ရှိခိုးသော
ဝန္ဒနစကား။ ။ပဋ္ဌပတိဋ္ဌိတမှာလည်း။ယှော်ပြကဲ့သည်အတိုင်း
ထိုက်သက်ရာယူ။ ။မထိုင်မရပ်ဘဲ။ဝပ်လျှောင်းလျက်ရှိခိုး
သော။သယနဝန္ဒနအကျင်းမှတ်ရန်အခန်းပြီး၏။

---

ယင်းသို့ပိဋကတ်ကြမ်းလာ။ ဝန္ဒနအရောကို။ သချာစေ့ငု။
ဥာဏ်ဖြင့်ရှု၍။ကောင်းမှုလိုလါး။သူတော်ကောင်းအများတို့၊မှတ်

သွားဘို့ရန်။ကြဏ်းဂန်ယှာသေ့၊ အတွေတွေဝန္တန်။မှတ်သားရန် စန့်စ်ချ၍။ညွှန်ပြဒုတ်နှုပ်လိုက်သော၊ ဤဝန္တနဘောဒစာတန်းနှိုက် မပါ။ အထူးထူးတွေ့ရှိပါလျှင်။ ၎င်းစာအုပ်နှိုက်သာထည့်သွင်း၍။ထင်လင်းအောင်ပြုကြစေကုန်သတည်း။

အာဂတံဂန္တဂန္တေသု။ သမာဂဏ္ဍတ္တုံဝန္တာနံ။ သန္တော့ာဟိနဂဏ္ဍတ္တိမံ။ နာဂတံပဏံမံဟိတွာ။ ။ဝတ္တာဂါထာ။ ။ဗုဒ္ဓေနဒေသိတောခမ္မော။ နဘောသုဒ္ဓိသိတုဏ္ဏာဂူ။ ယထာဝါဒေန ဒိဗ္ဗတ္တိ။ ဟောတုမုတ္တောစပိဂ္ဂဟာ။ ။ပဏ္ဍျာ။ ။သမာ။ ကောင်းစွာ။ ဂန္တဂန္တေသု။ သဂ်ါယနာ။အက္ခရာပေတင်။ ထင်ထင်ယှားယှား။ ရေးသားတစ်။ကောင်းစွာရှိသော။ ပါဠိအဋ္ဌကထာ။ ဋီကာသီးသီး။ကြဏ်းကြီးကြဏ်းဂန်တို့နှိုက်။အာဂတံ။လာသော။ ဝန္တာနံ။ ဝန္တနဘောဒံ။ကောင်းစွာရှိကြိုး။ ရှိခိုးခြင်းအပြားကို။ သန္တော့ာဟိ။ အသိမျှော်မြင်။ပညာယှာင်တို့သည်သာလျှင်။ဂဏ္ဍတ္တုံ။ သက်ဆိုးနှမြ။ခန္တာလွဲအောင်။ စွဲယူကြကုန်လော့။ နာဂတံ။ ပါဠိအဋ္ဌကထာ။ဋီကာသီးသီး။ ကြဏ်းကြီးကြဏ်းခိုင်တို့နှိုက်။ မပါမလာသော။ဏ္ဍမံပဏာမံ။ ပဝေဏီမှန်။ ကြဏ်းဂန်လွတ်ကင်း၊ ဤရှိခိုးခြင်းကို။ .သန္တော့ာဟိ။သဘောဥာဏ်ရှိ၊ အသိပညာ။ လွှန်လိမ္မာကုန်သော။ များစွာသောသင်းပြောင်း။ သူတော်ကောင်းတို့သည်သာလျှင်။ ဟိတွာ။ ကြဏ်းဂန်မပါ။ စွဲယူရာကို။ ပညာဉာဏ်ရောက်ပယ်ခွါဖြောက်ကုန်၍။နဂဏ္ဍတ္တုံ။လေးစားတမ္မ။မယူကြစေကုန်သတည်း။ ။နဘော။အဇတာပြင်၊ ထက်ကောင်းကင်နှိုက်။ သုဒ္ဓိသိတုဏ္ဏာဂူ။ သိနှင်းမြူတိမ်။သူရိန်သန့်ယှင်းဇင်ကြယ်ကင်းသော။နတ်မင်းဏ္ဍာဒ္ဒိပတ်။တံမိတ်ခပ်သဉ္ဇ။ယုံပြသံဒ်ပဟူ။သိတဂူနှင့်။ရောင်မှုသဟာည်။ဥဏ္ဏာဂူနေနတ်တို့သည်။ဒိဗ္ဗတ္တိ။ယထာ။ ကြယ်များဘောင်တွင်။ အရောင်ဝင်းဝါ။ ထွန်းလင်းဖြာကုန်သကဲ့သို့။ တထာ။ ထိုအတူ။ဗုဒ္ဓေန။ မြတ်စွာဘုရားသည်။ ဒေသိတော။ဟောတော်မူအပ်သော။ ဓမ္မောစ။ တရား တော်သည်လည်း။ အဝါဒေန။တိမ်ပုတ်တိမ်လွှာ ဘုံးလွှမ်းကာကဲ့။ မိစ္ဆာအာ

ယူ။ကောင်းလွတ်မှုသဖြင့်။ ဒိဗ္ဗတု။ အခြောင်ဝိုးဝင်း။ နေလနှစ်စင်းနှယ်။ ထွန်းလင်းတောက်ပစေသတည်း။ ဝိဂ္ဂဘာစ။ကြွက်းလာမရှိ။မှတ်မိမှတ်ရာ၊ များစွာခပင်း။ဌင်းချုံခြင်းမှလည်း။ မုတ္တော။မငြင်းမဆံ။မတော်လှန်ဘဲ။ ဝါဒ်သန့်ယှဉ်းကင်းလွတ်ခြင်းသည်၊ ဟောတု။ မရိမ်းမရိုင်၊ ကျောက်စာ ကိုင်ကဲ့သို့။ မြဲခိုင် မနွေ တည်ပါစေသတည်း။

ကြွက်းဂန်ထွက်ရှိ။ပစ်ရှိပစ်မဲ့။ကံဖော့တဲ့အရော။ ပါဠိတော်အဋ္ဌကထာနှင့်၊ဋီကာသီးသီး၊ကြွက်းကြီးများစွာ။ အနည်းနည်းလာသည်ကို။သေချာစွာမှတ်သား၍။ကြွက်းစကားအရ။ဘုရားယှဉ်နည်းပြ။ အဋ္ဌကထာ ဋီကာဂဏ္ဌိလာအရတို့ကို။ ဝန္ဓနပြုရာသည်။ ကိုးကနည်းပေး။ ဘေးကစင်လာ၊ ပဝေဏီဝန္ဓနာနှင့်။ ကြွက်းလာဝန္ဓန။တပြေးတည်းညီညွတ်ကြလျှင်။ဘူတတစ္စဖြစ်ရာသည်။မညီမညွတ်၊ချွတ်ချွတ်ချော်ချော်။ အဘူတအတစ္စဖြစ်ခဲ့သော်လျှင်။ မချော်မကံ။ အပညတ္တံနပညာပေတဗ္ဗံ။ မိန့်မြွန်မြတ်စွာ။သော်တာလရွှေမျက်နှာကို။ထောက်စာသမှု၊ မပညတ်သည်ကိုပညတ်ဟုခမ္ဘကံပြု၍။ ရှိခိုးခြင်းမပြုရာ။ ဘုရားဟောဒေသနာနှင့်။ ညီစွာသောဝန္ဓနကို။မိန့်ဆိုရာနည်းလမ်း ကြွအောင်။ သာခကြွက်းပြုလုပ်၍။ ဝန္ဓနအပြားကို၊ ရေးသားကာထုတ်လိုက်သည်။ တရားဟုတ်ရာ မဟုတ်ရာကို။ မှန်စွာ လိုက်[illegible]သူတော်သူမြတ်တို့စွဲမှတ်ကြည့်ရှုစေကုန်သော၊။

နာနာပဘောဒဝန္ဓနာကျမ်း
ဤတွင်ပြီး၏။

[illegible]